# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၆၂)၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ၃၀-၁-၂၀၂၅၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အနည်းငယ်မျှသော ချမ်းသာကို စွန့်ခြင်းကြောင့် ကြီးကျယ်သော ချမ်းသာကို အကယ်၍ မြင်ခဲ့လျှင် ပညာရှိသည် ထိုကြီးကျယ်သော ချမ်းသာကို မြင်လျက် အနည်းငယ်မျှသော ချမ်းသာကို စွန့်ရာ၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ ပင်းတယမြို့ရှိ ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှုကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ Forever Yay Wati ကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရုပ်ရှင်နှင့်ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ Forever Yay Wati ကုမ္ပဏီမှ Project Director ဦးသိန်းထွန်းအောင်က ပင်းတယဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အခြေခံသော ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုစီမံကိန်းသည် ရုပ်ရှင်အဆင့်အတန်းမြင့်မားလာရေးနှင့် ရုပ်ရှင်မှတစ်ဆင့် ဒေသစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လုပ်ဆောင်သည့် စီမံကိန်းဖြစ်သဖြင့် ကောင်းမွန်သည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်မြို့တော် ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအား နိုင်ငံတော်အစိုးရက လိုအပ်သည့် မြေနေရာများ ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ကြိုးပမ်းဆောင်ရွက်ရာတွင် အပြောလွယ်သလောက် လုပ်ဆောင်ရသည်မှာ ခက်ခဲပါကြောင်း၊ ယခု အကောင်အထည်ဖော်သည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံရသည့်ပမာဏများပြားလွန်းသဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ဤစီမံကိန်းအောင်မြင်ပါက ပင်းတယဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရုံသာမက ခရီးသွားလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် မိမိတို့ အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများအောင်မြင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်းရှိ မြေနေရာများတွင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်တွင် ယခုကဲ့သို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်မိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း/စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် Forever Yay Wati ကုမ္ပဏီက ရုပ်ရှင်နှင့်ရုပ်မြင်

**စာမျက်နှာ ၄ သို့** ❖

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်**

နေပြည်တော် ဇန်နဝါရီ ၂၉

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## စည်းလုံးညီညွတ်ခြင်းကိုပြသသည့် တပို့တွဲလ ထမနဲပွဲ

တပို့တွဲလသည် မြန်မာလများတွင် ဆယ့်တစ်လမြောက်လဖြစ်သည်။ ဆောင်းဥတု နှောင်းပိုင်းကာလလည်းဖြစ်သည်။ တပို့တွဲလသည် အအေးဓာတ်ကဲသော လလည်းဖြစ်၍ နှာရည်ယိုတွဲ တပို့တွဲဟု ဆိုစမှတ်ပြုကြသည်။ နှင်းမှုန်များက ဇာပဝါလွှမ်းခြုံထားသလို ရစ်သိုင်းလျက်ရှိသည်။ မြောက်ပြန်လေညှင်းကလည်း ခပ်ကြမ်းကြမ်းလေးဆော်သွေးနေသည်။

တပို့တွဲလဟု ခေါ်ဆိုခြင်းမှာ ထန်းဖူး၊ ထန်းခိုင်တို့တွဲညွတ်သော ရာသီဖြစ်သောကြောင့်ဟု မှတ်ယူကြသည်။ ရာသီရုပ်မှာ ရေထမ်းသမား၊ ဆင်းရဲသားပုံဖြစ်သည်။ ရာသီပန်းမှာ ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်တို့ဖြစ်သည်။ ထို့ပြင် တပို့တွဲလ၏ ရာသီပွဲမှာ ထမနဲပွဲဖြစ်သည်။ ထမနဲသည် ကောက်ညှင်းနှင့် စီမံပြုလုပ်သော မြန်မာတို့၏ ချိုစိမ့်မွှေးသည့် စားစရာတစ်မျိုးဖြစ်သည်။ ထမနဲသည် အပူလွန်ကဲသည့် အစားအစာဖြစ်ရာ အေးလွန်းသောအချိန်နှင့်လိုက်ဖက်နေသည်။ ထမနဲသည် ဆီနိုင်သောအစားအစာဖြစ်၍ တပို့တွဲလ၏ ချမ်းအေးခြင်းကို ကာကွယ်ပေးနိုင်ပါသည်။

ထမနဲပွဲသည် စုပေါင်းအားဖြင့် ကျင်းပသောပွဲဖြစ်ရာ ပျော်စရာအလွန်ကောင်းလှသည်။ ကောက်ဦးပေါ်ချိန်တွင် မြန်မာပြည်အနှံ့အပြား ကျေးလက်တောရွာများအထိ ထမနဲထိုးပွဲများ ဆင်ယင်ကျင်းပကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထမနဲပွဲတော်ကို တပို့တွဲလဆန်းမှစ၍ လပြည့်နေ့အထိ ကာလအတွင်း၌ ရှေးမင်းအဆက်ဆက် ကျင်းပဆင်ယင်ခဲ့ကြသည်။ ယခုအခါ ဌာနဆိုင်ရာရုံးများ၊ အမြို့မြို့အနယ်နယ်ကျေးရွာများအထိ ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

တပို့တွဲလနှင့်ပတ်သက်၍ ကင်းဝန်မင်းကြီးက "တပို့တွဲလ ကံ့သို့ကျ၊ မာဃထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ" ဟု စပ်ဆိုထားသည်။ တပို့တွဲလတွင် ပေါက်ပန်း၊ လဲပန်း၊ ဆူးပန်းတို့ပွင့်ကြသည်။ အအေးဓာတ်ကဲလွန်းသဖြင့် မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ညနေချမ်းအချိန်အခါ ကျောင်းတော်အနောက်ဘက်နေပူဆာတွင် တစ်ပါးတည်းရပ်ကာ နေပူဆာလှုံတော်မူကြောင်း မဟာဝဂ္ဂသံယုက်တွင် တွေ့ရသည်ဟု ဆိုသည်။ ဤသည်ကို အကြောင်းပြု၍ ဦးကြော့က "သယမ္ဘူသော်မှ မီးမယ်ဖျူး ရွှေလက်ကင်သည် ရေစက်သွင်အေးတဲ့လ"ဟု ဖွဲ့ဆိုခဲ့ရာ ဘုရားကိုယ်တော်တိုင် အအေးဓာတ်ကို မီးအိုးကင်း၌ မီးရှိန်ခံတော်မူခဲ့သည်ဟု သိရပေသည်။ ထို့ကြောင့် တပို့တွဲလတွင် မီးကာသိလ်ပွဲ၊ မီးထင်းပုံပွဲများ ပြုလုပ်ကြခြင်းဖြစ်သည်။ တပို့တွဲလပြည့်နေ့တွင် နံ့သာထင်းများကို စေတီပုထိုး၊ ရုပ်ပွားတော်များရှေ့၌ အိုးကင်းတွင်ထည့်ကာ မီးပူဇော်ကြသကဲ့သို့ စုပုံ၍လည်း မီးပူဇော်လေ့ရှိကြသည်။

မြန်မာမင်းများလက်ထက်တွင် မီးပုံထင်းပွဲများ ကျင်းပသည့်နည်းတူ ထမနဲပွဲကိုလည်း ညောင်းရမ်းခေတ်နောက်ပိုင်းတွင် စတင်ကျင်းပလာခဲ့သည်ဟု ယူဆကြသည်။ တပို့တွဲလသည် တောင်သူလယ်သမားများအတွက် လုပ်ကွက်ထဲက ကောက်ပဲသီးနှံများ တလင်းထဲသို့ရောက်ရှိချိန်ဖြစ်သည်။ တောင်သူလယ်သမားများအတွက် တပို့တွဲလသည် ငွေရှင်သောအချိန်အခါသမယဖြစ်သည်။ ကျေးလက်ဒေသများတွင် တောင်သူများငွေရှင်သဖြင့် တပို့တွဲလအခါ၌သာ ရှင်ပြုနားသပွဲများ ကျင်းပလေ့ရှိသည်။

သို့ဖြစ်ရာ မြန်မာလ ဆယ့်နှစ်လတွင် တပို့တွဲလသည် လွန်စွာချမ်းအေးသော ဆောင်းလဖြစ်သည့်အလျောက် မြန်မာနိုင်ငံတစ်ဝှမ်း ထမနဲပွဲများကို ပျော်ရွှင်စွာဆင်နွှဲကြခြင်းဖြင့် အအေးဓာတ်ကို ပြေပျောက်စေသည်။ ထမနဲထိုးပွဲသည် စည်းလုံးညီညွတ်ခြင်း၊ စုပေါင်းညီညာခြင်းဟူသော သဘောအနက်တို့ကို ပြသသည့်အပြင် ရိုးရာအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရာလည်းရောက်ကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၂၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ (၂၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၄ နာရီခွဲက သီပွဲလမ်းနှင့် ဖေလမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်ဥချက်၊ ငါးခြောက်ကြော်၊ ပဲနပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မ ဝတ္ထုငွေကျပ် ၁၀၀၀ စီ၊ ဦးမျိုးဝင်း+ဒေါ်အိအိချော (ကောင်းထက်မဟာစားသောက်ကုန်လုပ်ငန်း) မိသားစုက နဝကမ္မဝတ္ထု ငွေကျပ် ၁၀၀၀ စီနှင့် သင်္ကန်းဒွိစုံ ခုနစ်စုံ၊ ငွေကျပ် ၁၀၅၀၀၀ တို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး ဒေါ်ယုယုဇော်၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြကြောင်း သိရသည်။



(အပေါ်ပုံ)

(၀၄၀)

## စားသုံးဆီအရည်အသွေးနှင့် စားသုံးရန်သင့်၊ မသင့်ကို မန္တလေးမြို့ စားသုံးသူရေးရာဌာနရှိ MITS ဓာတ်ခွဲခန်းမှာ သွားရောက်စစ်ဆေးနိုင်

**မန္တလေး ဇန်နဝါရီ ၂၉**

စားသုံးဆီ၏ အရည်အသွေးကောင်း၊ မကောင်း၊ စားသုံးရန်သင့်၊ မသင့်၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ၊ မရှိကို စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်(Myanmar Inspection & Testing Services Ltd)မန္တလေးဓာတ်ခွဲခန်းတွင် သွားရောက်စစ်ဆေးနိုင်ပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးရေးရာဦးစီးဌာနမှ သိရသည်။

ဈေးကွက်အတွင်းမှာ စားသုံးရန်ရောင်းချနေကြသည့် မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီနှင့် အခြားဆီအမျိုးမျိုးတို့ကို အဆိုပါဓာတ်ခွဲခန်း၌ ဓာတ်ခွဲစမ်းသပ်ပေးနေပြီး စားသုံးဖို့သင့်တော်မှုရှိ၊ မရှိ၊ လတ်ဆတ်မှုရှိ၊ မရှိ၊ အရည်အသွေးကောင်း၊ မကောင်း၊ ကျန်းမာရေးနှင့် သင့်တော်မှုရှိ၊ မရှိကို ဓာတ်ခွဲစမ်းသပ်ကာ သတ်မှတ်ထားသည့် ဆီအရည်အသွေးနှင့်ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်(Certificate) ထုတ်ပေးသည်ဟု မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် မန္တလေးဓာတ်ခွဲခန်း၊ ဓာတ်ခွဲကျွမ်းကျင်(၃)မသဲစုအောင်က ပြောသည်။

ထို့အပြင် ဓာတ်ခွဲရလဒ်များအပေါ်မူတည်၍ ကုန်ကြမ်းပိုင်းဆိုင်ရာနှင့် ကုန်ချောပိုင်းဆိုင်ရာ ပြင်ဆင်သင့်သည့် အကြံပြုချက်များအားလည်း ထုတ်ပြန်ပေးသည်ဟု သိရသည်။

"လူ့ကျန်းမာရေးနဲ့ သင့်တော်မှုရှိ၊ မရှိ၊ စားသုံးဖို့သင့်တော်မှုရှိ၊ မရှိ၊ လတ်ဆတ်မှုရှိ၊ မရှိ အဲ့ဒါတွေကို အဓိကထားပြီးစစ်ဆေးပါတယ်။ ဓာတ်ခွဲခန်းမှာတော့ ဆီထဲမှာပါဝင်တဲ့ ဓာတုဓာတ်တွေကို စစ်ဆေးပေးပါတယ်။ ဝါစေ့ဆီမှာဆိုရင် refine system သုံးထားတယ်ဆိုရင် refine system ကြောင့် ပါဝင်နိုင်တဲ့ ဓါတုဓာတ်တို့ စသည်ဖြင့် အမျိုးမျိုးပေါ့နော်၊ ကျွန်မတို့ဆီမှာ (၁၇)မျိုး စမ်းသပ်စစ်ဆေးမှုတွေရှိပါတယ်။ ဆီမှာပါဝင်တဲ့ acid value, iodine value တို့တိုင်းခြင်းအားဖြင့် ပြည့်ဝဆီလား၊ မပြည့်ဝဆီလား ဆိုတာ အဖြေကိုထုတ်ပေးပါတယ်။ မပြည့်ဝဆီတွေက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ပါတယ်။ စားသုံးရန်သင့်တဲ့ဆီကို သင့်တင့်တဲ့ပမာဏကိုသာ စားသုံးသင့်ပါတယ်။ ဈေးကွက်က နေ့ဝယ်တဲ့ ဆီတွေကိုလည်း သေချာချာထုပ်ပိုးပြီး ကုန်ညွှန်းအမှတ်အသား၊FDA ထောက်ခံချက်အမှတ်အသားပါပြီး စိတ်ချရတဲ့အမှတ်တံဆိပ်ဆီတွေကို စားသုံးကြပါလို့ အကြံပေးချင်ပါတယ်"ဟု ၎င်းက ပြောသည်။

တစ်နှစ်မှာ မန္တလေးဓာတ်ခွဲခန်းအနေဖြင့် ဆီနမူနာပေါင်း ၁၂ ခုမှ ၁၃ ခုဝန်းကျင်စစ်ပေးခဲ့ရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆီနမူနာပေါင်း(၁၃)ခု စစ်ဆေးပေးခဲ့ပြီး မန္တလေးတိုင်းအတွင်းရှိ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်အတွင်းက ဝါစေ့ဆီများကို စစ်ဆေးပေးလျက်ရှိသည်။

မြန်မာပြည်အထက်ပိုင်းရှိ စားသုံးဆီအားလုံးကို မန္တလေးဓာတ်ခွဲခန်းမှာ လာရောက်စစ်ဆေးနိုင်ပြီး စားသုံးရန်သင့်၊ မသင့် စစ်ဆေးခြင်း၊ ကျန်းမာရေးအတွက် အထူးပြု၊ မပြုစစ်ဆေးခြင်း၊ ဆီ၏တာရှည်ခံနိုင်မှုနှင့် လတ်ဆတ်မှုကိုစစ်ဆေးခြင်းစသည်ဖြင့် စစ်ဆေးသူ၏ စစ်ဆေးလိုသည့် အကြောင်းအရာပေါ်မူတည်ကာ ဓာတ်ခွဲပမာဏအလိုက် ကုန်ကျစရိတ်ကျသင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၅**

## ပညာရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ပညာရေးဒီဂရီကောလိပ်(စစ်ကိုင်း)မြဇရာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပညာရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး ဒေါ်မေမြတ်ခိုင်က အမှာစကားပြောကြားပြီး ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဝင်းရွှေက ဌာနဖြစ်ပေါ်လာပုံနှင့် အဓိကလုပ်ငန်းကြီး(၄)ရပ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မိမိကျော်က လူငယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဇော်က ထင်းအစား အခြားလောင်စာသုံးစွဲရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲထက်အောင်က သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေးခေါင်းစဉ်များဖြင့်လည်းကောင်း အသီးသီးဆွေးနွေးပေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အဆိုပါဌာနများမှ မိမိတို့ဌာနနှင့် သက်ဆိုင်သည့် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၀၈၄)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိတ္ထီလာခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စမုံရေထုတ်ပြွန် ပြန်လည်ပြင်ဆင်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် တဘဏ္ဍာကျေးရွာရှိ စီပင်စိုက်ပျိုးရေး သုတေသနခြံတွင် နေကြာမျိုးသန့် စိုက်ပျိုးထားရှိသည့် ဆင်းရွှေကြာ(၂) ဧက ၄၀ စိုက်ကွင်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရေးအတွက် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော အထွက်နှုန်းကောင်းသည့် နေကြာမျိုးကောင်းမျိုးသန့်များ ပိုမိုစိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ရေး အကြံပြုဆွေးနွေးမှာကြားသည်။



**ပူးပေါင်းဆောင်ရွက်**

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် မိတ္ထီလာတောင်ကန်ဥယျာဉ်မြောင်း ရေသောက်စနစ်အတွင်း နွေစပါးဧက ၅၀ နှင့် နွေနှမ်းဧက ၅၀ စိုက်ပျိုးမည့် နေရာ၌ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် အမှတ်(၂၅) စက်မှု လယ်ယာစခန်း တာဝန်ရှိသူများ၏ ပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိတ္ထီလာမြောက်ကန်ရေသောက်စနစ် ကောက်ကွေ့တောမြောင်းတွင် နွေနှမ်း ဧက ၁၀၀ စိုက်ပျိုးမည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး အပင်ဖြစ်ထွန်းကောင်းမွန်ရေးအတွက် လိုအပ်သော သွင်းအားစုများနှင့် တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရေးစသည့် လယ်ယာကဏ္ဍဆိုင်ရာကွင်းဆက် တစ်လျှောက်၌ သက်ဆိုင်ရာ ဦးစီးဌာနများက တောင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ဆက်လက်၍ မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အထူးအားထည့် လုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စမုံရေထုတ်ပြွန် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ စမုံချောင်း ရေလွှဲမြောင်းဖောက်လုပ်ခြင်းနှင့်စမုံရေထုတ်ပြွန်အောက်ပိုင်းရှိရေသောက်ဧရိယာ ဧက ၂၀၀၀၀ ကျော်ခန့်အား ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ရေပေးဝေရန်အတွက် ယာယီရေပေးမြောင်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စက်ကိရိယာယာဉ်ယန္တရားများ လုံလောက်မှုရှိစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၉

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သောနယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၄ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၅၃ ဦး၊ အရိုးရောဂါ ၆၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၇၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိလူနာ ခြောက်ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာသုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရသည်-

မျက်စိလည်း မကောင်းဘူး။ သွားတွေလည်း မကောင်းဘူး။ အဲဒါနဲ့လာပြတာပါ။ ဆရာဝန်တွေက အခမဲ့ဆေးလာကုပေးမယ်ဆိုတော့ ဝမ်းသာတာပေါ့။ လာမယ်ဆိုပြီး သတင်းကြားလိုက်ကတည်းက ပြမယ်ဆိုပြီး တကဲကဲလုပ်နေတာပါ။ အခုက အစစအရာရာ အဆင်ပြေတယ်လေ။ ကိုယ့်ရပ်ရွာနဲ့ နီးနီးနားနားလာကုတော့ လမ်းလျှောက်လာလို့ရတယ်။ အိမ်တိုင်ရာရောက် လာရောက် ကုသပေးသလိုပဲ။ အားလုံးရဲ့ကိုယ်စား အထူးပဲ ကျေးဇူးတင်ပါတယ်။

လေဖြတ်ထားလို့ အကြောတွေတက်တယ်၊ အကြောတွေဆိုင်းတယ်၊ မျက်လုံးတွေ မှုန်တာသုံးနှစ်၊ လေးနှစ်လောက်ရှိပြီ၊ ဘာမှမလုပ်နိုင်ဘူး။ အပြင်ဆေးခန်းမှာ တစ်လတစ်ခါပြနေရတယ်။ အပြင်မှာပြရင် ပိုက်ဆံလည်း တော်တော်ပေးရပါတယ်။ ဒီမှာလာပြတော့ အခကြေးငွေ မပေးရတဲ့အတွက် အဆင်ပြေပါတယ်။ အခက်အခဲအနေနဲ့ကတော့ မထနိုင် မစားနိုင်ဖြစ်နေတာပါ။ အခုလို အခမဲ့နယ်လှည့် ဆေးကုသရေးအဖွဲ့က လာရောက်ကုသပေးတော့ ဆရာဝန်၊ ဆရာမတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။

သတင်းစဉ်







# မင်းဘူး(စကု)မြို့နယ်အတွင်း လေပြင်းဘေးကြိုတင်ကာကွယ်ရေးနှင့် အိုးအိမ်ဖြည့်တင်းပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း၌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးက မိုးဦးကာလများဖြစ်သော ဧပြီလနှင့် မေလများ၌ နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် လေပြင်းဘေးအန္တရာယ်များနှင့်ပတ်သက်၍ လေပြင်းဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းတစ်ခုဖြစ်စေရန်၊ လေပြင်းဘေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် အိုးအိမ်ဖြည့်တင်း ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးမှူး ဒေါ်ကေသွယ်ဝင်းနှင့် ဝန်ထမ်းများဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ဇန်နဝါရီ ၂၈ ရက်တွင် မင်းဘူး (စကု)မြို့နယ် မန်းကျိုးကျေးရွာအုပ်စု၊ ထုံးမကြီးကျေးရွာတွင် သွားရောက်ကွင်းဆင်း၍ ပြုပြင်ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့သို့ ပြုပြင်ဆောင်ရွက်ပေးနိုင်ရန် မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မြို့နယ်အတွင်း၌ နှစ်စဉ် လေပြင်းအဖြစ်များဆုံး ကျေးရွာများကို ရွေးချယ်ပြီး မြေပြင်စာရင်း ကွင်းဆင်းကောက်ယူ၍ ထုံးမကြီးကျေးရွာ၌ အိမ်ခြေ (၅၀)၊ ပေါက်လေးပင်ကျေးရွာ၌ အိမ်ခြေ (၅၀) စုစုပေါင်း အိမ်ခြေ ၁၀၀ကို စိစစ်ရွေးချယ်၍ လူနေအိမ်တစ်လုံးလျှင် ငွေကျပ် ၆၃၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် (၆၃)သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် အိမ်ဆောက်ပစ္စည်းများဝယ်ယူ၍ ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ထံက သိရသည်။

(၅၀၄)

၀-၀-၀-၀

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကိုထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်






## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

ဘယ်လာရုစ်သမ္မတနိုင်ငံတွင် ဇန်နဝါရီ ၂၆ ရက်၌ ပြုလုပ်ခဲ့သည့် ဘယ်လာရုစ်သမ္မတရွေးကောက်ပွဲသို့ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့အဖြစ် သွားရောက်လေ့လာခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဦးမြင့်သိန်းတို့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ကြိုဆိုကြသည်။

လေ့လာစောင့်ကြည့်ရေး ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အတွင်း ပြုလုပ်လျက်ရှိသည့် ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များကို မဲရုံများသို့ သွားရောက်လေ့လာခဲ့ပြီး ဇန်နဝါရီ ၂၄ ရက်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ Mr. Igor Karpenko နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုသတင်းအချက်အလက်နှင့် လေ့လာစောင့်ကြည့်ရေးစင်တာဖွင့်ပွဲသို့ တက်ရောက်ခြင်း၊ ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည့် သတင်းစာရှင်းလင်းပွဲများသို့ တက်ရောက်ခြင်းနှင့် ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ သွားရောက်၍ မဲပေးခြင်းလုပ်ငန်းစဉ်များ စောင့်ကြည့်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူပေါင်း ၄၈၆ ဦး တက်ရောက်လေ့လာခဲ့ကြပြီး ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ H.E. Mr. Aleksandr Lukashenko က ခိုင်လုံမဲ ၈၆ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ

သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စတူဒီယိုများ၊ နားနေဆောင်များ၊ ရိုက်ကူးရေးသုံး အဆောက်အအုံများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်းအစုံ ၂၀ နှင့် DVB T2 Set top box အလုံး ၅၀ အား မနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းသို့ ပေးအပ်သည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုပြီး စေတီတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ်တင်လှူပူဇော်ခြင်းလုပ်ငန်းများကို ကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စူဠာမုနိလောကချမ်းသာစေတီတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၈-၅-၂၀၂၃ ရက်နေ့က ရောက်ရှိဖူးမြော်စဉ် လမ်းညွှန်မှာကြားချက်အရ စေတီတော်မြတ်ကြီး မိုးရေယိုစိမ့်မှုပြင်ဆင်ခြင်းလုပ်ငန်းကို ၂၅-၃-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၂၄-၁၂-၂၀၂၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၅-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ စေတီတော်မြတ်ကြီး အတွင်း/အပြင် ဆေးသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ၁၂-၄-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ချိလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို ဇန်နဝါရီလပိုင်းမှစတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေများအတွင်း အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်းစိမ့်ဝင်မှုမရှိစေရေးနှင့် အကြမ်းဖက်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားပြီး စိုးရိမ်ထိတ်လန့်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm



# အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်တွင် အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဦးညီညီနှင့် အသည်းအလှူရှင် ဦးထွန်းထွန်းလင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း။
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း။
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပြွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန



# ဟုမ္မလင်းနန့်ပငအသေးစားရေအားလျှပ်စစ်ပြီးစီးလျှင် ဟုမ္မလင်းမြို့နှင့် ဝန်းကျင် ၂၆ရွာကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်မည်

**ဟုမ္မလင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော နန့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း ပြီးစီးလျှင် ဟုမ္မလင်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာ ၂၆ရွာ အိမ်ထောင်စု ၅၉၇၀ခန့်ကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ဟုမ္မလင်းမြို့နယ်၊ နားသကျိုက်ကျေးရွာအနီးတွင် နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်နေခြင်းဖြစ်ပြီး နန့်ပငချောင်းပေါ်တွင် ရေထိန်းတမံတည်ဆောက်၍ ရေသိုလှောင်ပြီး ရရှိရေအားအမြင့်ကို အသုံးချလျက် ဗမဂ္ဂါဝပ် ထွက်ရှိမည့် ရေအားလျှပ်စစ်တည်ဆောက်လျက်ရှိသည်။

နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅မိုင်ခန့်အကွာ၊ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိသည့် Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ဗမဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ဖြစ်သန်း ကီလိုဝပ်နာရီ ပျှမ်းမျှ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၃၉၄)

# ရတနာပုံတက္ကသိုလ်၌ ကြက်ခြေနီမိတ်ဆက်သင်တန်း ဆွေးနွေးရှင်းလင်းပွဲ ကျင်းပ




**မန္တလေး ဇန်နဝါရီ ၂၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရတနာပုံတက္ကသိုလ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ကြက်ခြေနီမိတ်ဆက်သင်တန်းဆွေးနွေးရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ အမရပူရခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်၊ ရတနာပုံတက္ကသိုလ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သန်းအေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မြတ်မာတို့က ကြိုဆိုဂုဏ်ပြုစကားနှင့် မိတ်ဆက်သင်တန်း ပို့ချရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ လင်းလင်းသက်နှင့် လူငယ်နှင့် စေတနာလုပ်အားရှင်ဖွံ့ဖြိုးတိုးတက်ရေးမန်နေဂျာ ဒေါ်အေးသီရိအောင်တို့က တက္ကသိုလ်ကြက်ခြေနီ လူငယ်များအား စွမ်းဆောင်ရည်တိုးတက်ရေးအတွက် ကြက်ခြေနီအခြေခံမူ (၇)ချက်၊ ကြက်ခြေနီ လခြမ်းနီ လှုပ်ရှားမှု၊ ကြက်ခြေနီအခြေခံမူများ၊ ကြက်ခြေနီအမှတ်အသားသင်္ကေတ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းလုပ်ဆောင်ချက်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် စေတနာလုပ်အားရှင်လူငယ်များ၏ အခန်းကဏ္ဍ၊ လိုက်နာရမည့် အချက်များကို ဆွေးနွေးရှင်းလင်းခဲ့သည်။ အဆိုပါသင်တန်းသို့ ဘာသာရပ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၈၂)

# ပြည်ပ ဘိလပ်မြေများ ရောက်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါ ပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

ပွဲစဉ်(၈)အပြီးတွင် TG United အသင်းက ၁၈ မှတ်၊ 7 Dragon အသင်းက ၁၇ မှတ်၊ JZ Yangon အသင်းက ၁၆ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၄ မှတ်စီ၊ Gold Dream အသင်းက ၁၂ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ YCDC Marga Youth အသင်းက ကိုးမှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ Maryar အသင်းက ခြောက်မှတ်၊ 7 Brother အသင်းက သုံးမှတ် ရရှိထားသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

# ဂုဏ်ယူဖွယ်ရာ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း အနုပညာ

မြန်မာ့ရိုးရာအမွေအနှစ် အားကစားကိုပြပါဆိုလျှင် ခြင်းဝိုင်းခတ်အားကစားကို ပြရမည်ဖြစ်သည်။ ထိုခြင်းဝိုင်းခတ်ပွဲများကို ကြည့်ရှုလျှင် ခြင်းပညာရှင်တစ်ဦး၏ တိုက်ရိုက်ထုတ်လွှင့်နေသော 'မဟာဒူး၊ ဗီလာဖဝါး၊ စလွယ်ကြီး၊ ရင်လိမ်ဖနောင့်'စသည့် အသံများနှင့်အတူ မြန်မာဆိုင်းဝိုင်းမှ တက်ကြွဖွယ်တီးလုံးသံစဉ်အလိုက် ခြင်းလုံးလေထဲပျံ့ဝဲခတ်ကစားနေကြပုံမှာ အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းလှသည်။

**မြန်မာခြင်းလုံး**

ခြင်းလုံးသည် ကြိမ်ဖြင့်ရက်လုပ်ရသော ခြင်းတောင်းရက်လုပ်သည့် နည်းပညာကိုသုံး၍ အလုံးပုံသဏ္ဌာန်ရက်လုပ်ထားသောကြောင့် 'ခြင်းလုံး'ဟုခေါ်သည်။ နိုင်ငံခြားသားများကမူ ကြိမ်ဘောလုံး (Cane Ball)ဟု အသိများသည်။ ခြင်းလုံးမှာ အချင်း ၅ ဒသမ ၇၅ လက်မ အရွယ်ရှိပြီး အချောသပ်ထားသောကြိမ်ဖြင့် ပဥ္စဂံအကွက် ၁၂ ကွက် ပုံဖော်ရက်လုပ်ရသည်။ နူးညံ့သော ကြိမ်ဖြင့် ပြုလုပ်ထားသော်လည်း အရမ်းကြီး ပေါ့ပါးနေခြင်းမျိုးမရှိဘဲ ခတ်ကစားရာတွင် အလွန်ကောင်းမွန်လှသည်။

**ခြင်းလုံးပေါ်ပေါက်လာပုံ**

ခြင်းလုံးစတင်ပေါ်ပေါက်လာပုံနှင့် ပတ်သက်၍ အယူအဆ အမျိုးမျိုးကွဲပြားလျက်ရှိသည်။ အထောက်အထားများအရ တရုတ်စာပေသမိုင်းဟန်ရာဇဝင်တွင် ခရစ်သက္ကရာဇ် ၉၇ နှစ်က မစ္စတာဟာန် ဦးဆောင်သော အီဂျစ်ပြည်မှ ချစ်ကြည်ရေးအဖွဲ့ တရုတ်ဘုရင်ထံ အခစားဝင်ရာ ၄င်းတို့နှင့်အတူ ပါလာသော မျက်လှည့်သမား၊ တူရိယာသမား၊ အလုံးညှပ်ကစားပြသသော ကစားသမားတို့မှ ဖျော်ဖြေခဲ့သည်ဟု ဖော်ပြထားသည်။ ယနေ့တိုင် အီဂျစ်တွင် အလုံး(ခြင်းလုံး)ညှပ်ကစားခြင်း နည်းမရှိသောကြောင့် ထိုအလုံးညှပ်ကစားသူမှာ ချစ်ကြည်ရေးအဖွဲ့ တရုတ်ပြည်သို့အသွား မြန်မာနိုင်ငံ၌ ခရီးတစ်ထောက်နားစဉ် တွေ့ရှိခေါ်ယူခဲ့ခြင်းဖြစ်ပြီး ထိုကစားပြသော အလုံးမှာ 'ခြင်းလုံး'ဟု ယူဆနိုင်ကြောင်း သုတေသီများက ဆိုသည်။

ပြည်မြို့ မှော်ဇာရွာအနီး ကုလားကန်ကုန်းရွာ မလှမ်းမကမ်း၌ ဦးခင်ဘ ပိုင်ယာမြေကုန်းအောက်ရှိ အုတ်တိုက်ကို တူးဖော်ရာ အခြားဌာပနာပစ္စည်းများနှင့်အတူ နှစ်လက်မ မတ်တင်းအချင်းရှိသော ငွေခြင်းလုံးကလေးကို တူးဖော်ရရှိခဲ့ကြောင်း မြန်မာသုတေသနဌာနမှ ပြင်သစ်လူမျိုး ကျောက်စာဝန်'ချားစ်ဒူရွိုင်ဇယ်'မှ ၁၉၂၆-၂၇ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ စာမျက်နှာ ၁၇၁ တွင် ဖော်ပြထားခဲ့သည်။ ထိုတူးဖော်ရရှိသော ဌာပနာများထဲမှ ရွှေပေလွှာတစ်ချပ်တွင် ဖော်ပြချက်အရ ပျူခေတ် ပုဂံမင်းများလက်အောက်ခံ မှော်ဇာမင်း ဗရမော(ခ) တြီပြတူဝန်မနှင့် မိဖုရားတြီပြတူဒေဝီတို့က ဌာပနာများ ထည့်သွင်းလှူဒါန်းခဲ့ကြောင်း အိန္ဒိယအက္ခရာ ပါရဂူ(AD-5)ရာစု၏ ပြန်ဆိုချက်အရ ပျူခေတ်တွင် ခြင်းလုံး၊ ခြင်းလုံးခတ်သည့် ပညာရှိနေပြီကို ပြောနိုင်သည်။

ခရစ်သက္ကရာဇ် ၁၇၈၂ ခုနှစ်တွင် မြန်မာနိုင်ငံ အင်းဝနေပြည်တော်၌ ဝါးကို ပါးလွှာစွာလှီးပြီး ထိုးရက်ထားသော အလုံး(ခြင်းလုံး)ကို လူငယ်လူရွယ်များ စုပေါင်း၍ အချိန်ကြာမြင့်စွာ ခြေဖြင့်ခတ်ကစားကြောင်းကို အီတလီနိုင်ငံမှ ဗရင်ချီဘုန်းတော်ကြီး'စန်ဂါမနို'၏ မှတ်တမ်းတွင် ဖော်ပြထားခဲ့သည်။ သို့သော် စာရေးဆရာ လှသမိန်က စာပေဗိမာန် မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၅)တွင် ကုန်းဘောင်ခေတ်ဟု လည်းကောင်း၊ စာရေးဆရာ တက္ကသိုလ်ချစ်ဆွေကလည်း ယဉ်ကျေးမှုစာစောင်တွင် ကုန်းဘောင်ခေတ်ဟု လည်းကောင်း ခြင်းလုံးပေါ်ပေါက်သည့်ခေတ်ကို ဖော်ပြထားခြင်းလည်း ရှိသည်။

ထို့အပြင် ယိုးဒယားပန်းပုသမားတစ်ဦးမှ ၁၂၀၈ ခုနှစ်တွင် နန်းတက်သော ပုဂံမင်းထံ ဆင်စွယ်ခြင်းလုံးကို ဆက်သရာ ပုဂံမင်းက သဘောကျပြီး ထိုပုံစံအတိုင်း ကြိမ်ဖြင့်ပြုလုပ်စေကာ နန်းတွင်းလူပျိုတော်သားများကို ခတ်ကစားစေခဲ့သည်ဟု ဆိုသည်။ စွယ်စုံကျမ်းအတွဲ(၂)တွင် 'သူ့သား၊ သူ့အမေနှိမ်တယ်၊ ဆိုးချိန်မို့လေး၊ ညနေခတ်ခြေလုံးနှင့် ပျော်တုန်းမို့လေး'ဟု မင်းတုန်းမင်းလက်ထက် ကောက်စိုက်သမတေးသံကို ဖော်ပြထားခြင်းကြောင့် အမရပူရခေတ်နှင့် ရတနာပုံခေတ်တွင် ခြင်းခတ်ခြင်းမှာ အတော်ထွန်းကားနေပြီဟု ဆိုနိုင်သည်။

**ခြင်းလုံးကစားခြင်း**

ခြင်းလုံးခတ်ကစားခြင်းကို စတင်ခဲ့စဉ်အချိန်က နန်းတွင်းလူပျိုသားများသာ ခတ်ကစားခွင့်ပြုခဲ့သည်။ နောက်ပိုင်းတွင် တိုင်းပြည်အေးချမ်းသာယာမှုအရ ပြည်သူအများ ခြင်းခတ်ကစားခွင့်ပြုအမိန့်တော် ချမှတ်ခဲ့သည်ဟု ဆိုသည်။ အမည်မသိ ရှေးစာဆိုတစ်ခုတွင်-

> **'နန်းရင်ပြင်သဘင်ပွဲမှာလ၊ ဆန်းယဉ်ယဉ်**
> **အစဉ်နွဲ့ပါလို့၊ ဘုရင်စွဲတဲ့ ခြင်းပညာ။**
> **ပျူဗမာပြည်ခေတ်က၊ ဆွေနှစ်ဝခြင်းနွှယ်၊**
> **ကေရာစ်စမ ငြင်းပယ်သည်၊အတွင်းဝယ်ကစား။**
> **ခြင်းလုံးခတ်သိမ်မွေ့ဟန်ကို၊ အိမ်ရှေ့စံမြင်ပြား၊**
> **ရွှေစိတ်တော်ဝင်စားလို့၊ ထင်ရှားဖို့ဝေဖန်၊**
> **တိုင်းပြည်ပေါ် သာယာကင်းစေဖို့၊**
> **မြန်မာခြင်းခတ်မိန့်ခြွေပြန်**'ဟု ဖော်ပြထားခဲ့သည်။

၁၈၇၄-၇၅ ခုနှစ်တွင် အင်္ဂလန်မှ ခွဲစိတ်ကုဆရာဝန်ကြီး'အေဂေါ်ဒွန်'၏ 'ကျွန်ုပ်မြန်မာပြည်သို့ ခရီးသွားခြင်း'စာအုပ်တွင် မြန်မာတို့သည် ခြင်းပညာ၏ ခြေကွက်များပေါ်လွင်စေရန် ပုဆိုးခါးတောင်းမြှောက်ကျိုက်၍ ကစားရာ၊ ထိုးကွင်းမင်ကြောင်ထိုးထားသော မြန်မာလူငယ်များသည် ခြင်းလုံးကို လေထဲပျံ့ဝဲစေရန် ဝိုင်းဖွဲ့ခတ်ကစားကြသည်ဟု ဖော်ပြထားသည်။ ယခင်က နန်းတွင်းသာ ကစားခွင့်ရသော ခြင်းဝိုင်းခတ်ကစားခြင်းမှာ သာမန်ပြည်သူများအကြား ခတ်ကစားလာခဲ့သည်။ ဆရာကြီးကိုလေး(အင်းဝဂုဏ်ရည်)က မြန်မာ့ရိုးရာအားကစားအစစ်ဖြစ်သော ခြင်းခတ်ကစားပုံကို -

> **'အနောက်နေသည်၊**
> **စေတီတစ်ဆူ၊ ထုံးဖြူဖြူကို၊**
> **ပူဇော်ကန်တော့၊ ခပ်ဖျော့ဖျော့။**
> **ညောင်ပင်အိုးသည်၊ လေကိုလက်ခံ၊**
> **ရွက်ခတ်သံနှင့်၊**
> **တေးထံတျာနော့၊ ခပ်ဖျော့ဖျော့**
> **ဘုရားနယ်မြေ၊ ညောင်၏ခြေတွင်၊**
> **လေတွင်ပျံ့ဝဲ၊ ခြင်းတစ်ပွဲသည်**
> **စိတ်စွဲအောင်တော့၊ ခပ်ကြော့ကြော့။**
> **ထုံးနှင့်စေတီ၊ ညောင်တေးသီ၍၊**
> **ခြေညီခြင်းဝိုင်း၊ မြင်ရတိုင်းလျှင်**
> **လှိုင်းသို့ရင်ကြွ၊ ရှင်အားရသည်၊**
> **မြန်မာ့ရိုးရာကစားပွဲ။ ။**'ဟု 'ခြင်းပွဲ' ကဗျာဖြင့် ပုံဖော်ရေးသားခဲ့သည်။

ခြင်းလုံးကစားရာတွင် ပါဝင်သူအားလုံးက လျင်မြန်ဖျတ်လတ်မှု၊ ခန္ဓာကိုယ်ဟန်ချက် ထိန်းသိမ်းနိုင်မှု၊ ကျွမ်းကျင်မှုနှင့် ကစားသူအချင်းချင်းအကြား ရင်းနှီးဆက်ဆံအပေးအယူပြုမှုများ ပါဝင်ပြီး မြန်မာဂီတနှင့်ဆက်စပ်ကာ တီးခတ်နေသော ဆိုင်းဆရာများ၏ရှေ့တွင် ဝတ်ကစားလေ့ရှိသည်။ အတီးကောင်းသော ဆိုင်းဆရာကြောင့် ခြင်းကစားမှုကို ပိုမို ကြွစေ၊ လှစေနိုင်သည်။

**ခြင်းဝိုင်းခတ်ကစားခြင်းနှင့်**
**ကျန်းမာရေးအကျိုးထူးများ**

ခြင်းဝိုင်းခတ်ကစားနည်း၏ ထူးခြားချက်မှာ ခြင်းလုံးကို မြေသို့မကျအောင် ကစားဖော်များက စုပေါင်းအားထုတ်ရသော ကစားနည်းဖြစ်သည်။ ထိုခြင်းခတ်ကစားသူများ၏ ကျန်းမာရေးအခြေအနေကို ဆေးသုတေသီများ၏ လေ့လာတွေ့ရှိချက်မှာလည်း အံ့မခန်းပင် ဖြစ်သည်။

ခြင်းခတ်ကစားခြင်းသည် နှလုံးကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေသည်။ ခြင်းခတ်ရာတွင် တစ်ကိုယ်လုံးလှုပ်ရှားနေရသည်ဖြစ်ရာ နှလုံးစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ပြီး နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်ပွားမှုကိုလည်း ကာကွယ်နိုင်သည်။

ခြင်းကစားခြင်းသည် ခန္ဓာကိုယ်မှ ပိုလျှံနေသော ကယ်လိုရီများကို လောင်ကျွမ်းစေနိုင်သည်။ ထို့အပြင် ခြေလက်များကို လှုပ်ရှားရခြင်းကြောင့် ကြွက်သားများကို ကျစ်လစ်ခိုင်မာစေနိုင်သည့်အပြင် ခြင်းလုံးကစားခြင်းဖြင့် အဆီကျစေပြီး ခန္ဓာကိုယ်ကျစ်လျစ်လှပစေနိုင်သည်။



## မြန်မာ့ ရိုးရာ ခြင်းလုံး



ခြင်းခတ်ခြင်းကြောင့် ရရှိနိုင်သော နောက်ထပ် အကျိုးထူးတစ်ခုမှာ ခန္ဓာကိုယ်တစ်ခုလုံးကို လှုပ်ရှားမှုများပြုလုပ်ရသောကြောင့် အရိုးများကို ကြံ့ခိုင်သန်စွမ်းစေနိုင်သဖြင့် အသက်အရွယ်ကြီးရင့်သူများ ခံစားရလေ့ရှိသည့် အရိုးနှင့်သက်ဆိုင်သော ရောဂါများကို ကာကွယ်နိုင်မည် ဖြစ်သည်။

ခြင်းခတ်သောအခါ ကစားဖော်များ၏ လှုပ်ရှားမှုကိုကြည့်ကာ မည်သို့ခတ်ရမည်ကို အလျင်အမြန် ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်ရသည်ဖြစ်ရာ ခြင်းလုံးအပေါ် အာရုံစူးစိုက်လုပ်ဆောင်ရမှုကြောင့် ဦးနှောက်စွမ်းဆောင်ရည် မြင့်တက်လာမည် ဖြစ်သည်။

ခြင်းလုံးခတ်ကစားခြင်းနည်းသည် အများနှင့် လိုက်လျောညီထွေ ဆက်ဆံကစားရသည့်နည်းဖြစ်သောကြောင့် သူငယ်ချင်းအပေါင်းအသင်းများ ရရှိခြင်း၊ လူမှုဆက်ဆံရေးကောင်းမွန်လာခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတိုးပွားလာခြင်း အပြင် ခြင်းလုံးကစားရာ ခန္ဓာကိုယ်တွင်စိတ်ပျော်ရွှင်သော ဟော်မုန်းများထွက်ရှိစေပြီး စိတ်ဖိစီးမှုများကို ပြေလျော့စေနိုင်ကြောင်း တွေ့ရှိချက်အရ နေ့စဉ်ပုံမှန် ခြင်းခတ်သင့်ကြောင်း ပညာရှင်များက တိုက်တွန်းထားကြသည်။

ခြင်းလုံးကစားခြင်းသည် မြန်မာလူမျိုးတို့၏ ရိုးရာအားကစားနည်းစစ်စစ်ဖြစ်ပြီး မြန်မာလူမျိုးသာမက အချို့နိုင်ငံခြားသားများပါ စိတ်ဝင်စားသော ရိုးရာအားကစားနည်းတစ်ခုဖြစ်သည်။ ယခုအခါ ဝါဆိုလ(ဇူလိုင်လ)အတွင်း မြန်မာလပြက္ခဒိန်၏ လေးလမြောက်လတွင် ခြင်းလုံးပွဲတော်များ ကျင်းပလေ့ရှိသည်။ မန္တလေးမြို့တွင် မဟာမုနိဘုရားကြီး ပရိဝုဏ်နေရာတွင် မြန်မာ့ခြင်းဝိုင်းအားကစားရုံ ဆောက်လုပ်ထားပြီး နှစ်စဉ် 'ဝါဆိုခြင်းပွဲတော်' ကျင်းပခဲ့သည်။ ကစားသမားများသည် နံနက် ၉ နာရီမှ ညသန်းခေါင်ယံအချိန်အထိ ကစားကြပြီး ပွဲတော်ကို အချိန်တစ်လနီးပါး ကျင်းပလေ့ရှိ၏။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ အားကစားသမားများအပြင် နိုင်ငံခြားသားများပါ လာရောက်ဆင်နွှဲလေ့ရှိရာ မြန်မာ့ရိုးရာအားကစားစစ်စစ်ဖြစ်သော ခြင်းဝိုင်းခတ်အားကစားမှာ အလွန်ဂုဏ်ယူဖွယ်ရာ ဖြစ်သည်။ ထို့အပြင် ယူနက်စကိုဒြပ်မဲ့ ယဉ်ကျေးမှုကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရန် ထည့်သွင်းစဉ်းစားခံရသောကြောင့် မြန်မာနိုင်ငံသားတို့၏ ရိုးရာအမွေအနှစ် ရှေးဟောင်းအားကစားဖြစ်သော ခြင်းဝိုင်းခတ်ကစားခြင်းအကြောင်းကို ဂုဏ်ယူစွာ တင်ပြလိုက်ပါသည်။

**ကိုးကား - ခြင်းလုံးအစ မြန်မာက၊**
**အထောက်အဆက် အောင်ကြွယ်**
**အားကစားနှင့် ကျန်းမာရေး၊**
**Hello Sayarwon**

ခိုင်ခန့်(အမရပူရ)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Park Sung Hoon က Squid Game 2 တွင် LGBT ဇာတ်ရုပ်ကို အဆင့်မြင့်စွာ ပြသထား

ကမ္ဘာကျော် ထွက်ရှိလာသည့် ကိုရီးယား Squid Game 2 တွင် ပရိသတ်အကြိုက်နှစ်သက်ဆုံး ဇာတ်ရုပ်အဖြစ် ပတ်ဆောင်ဟွန်း ကာရိုက်တာနှင့် အမျိုးသမီးဇာတ်ရုပ်ဖြစ်ပြီး LGBT ကို အဆင့်မြင့်စွာ ပုံဖော်ပြသပေးနိုင်သည်ဟု ချီးကျူးထားကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြ သည်။



ပတ်ဆောင်ဟွန်းကို လူသားအဆန်ဆုံးဇာတ်ကောင်နှင့် မြင်တွေ့ရပြီး အားနည်းသူကို ကူညီကာ အင်တာဗျူးတွင် နွေးထွေးပြီး ကူညီပေးရမည့် ဇာတ်ရုပ်ဟု ပြောကြားထားသည်။

ပတ်ဆောင်းဟွန်းသည် ပရိသတ် အမုန်းခံဇာတ်ရုပ် The Glory နှင့် Queen of Tears တို့နှင့် ကွဲပြားစွာ လိင်ပြောင်းအမျိုးသမီးတစ်ယောက်အနေနှင့် ပေါ်လွင်အောင် သရုပ်ဆောင်ပြနိုင်၍ ပရိသတ်ကြား ရေပန်းစားကာ ထိုင်းတွင် အခြေချနေထိုင်သွားချင်သည့် သူ့ဆန္ဒကို ပြည့်ဝစေချင်ကြသည်။

(SKY)

*-*-*-*-*

*-*-*-*-*-*-*

## Ariana Grande ၏ Positions Album ကို MI Radio ၏ Music Story အတွက် ရွေးထား

ဟောလိဝုဒ်အဆိုတော် အာရီအာနားဂရန်ဒီ၏ အယ်လ်ဘမ် Positions ကို အမ်အိုင်ရေဒီယို၏ Music Story အစီအစဉ်အတွက် ရွေးချယ်ထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိ အာရီအာနားဂရန်ဒီသည် ၁၉၉၅ ခုနှစ်တွင် ထွက်ရှိထားသည့် OZ စာအုပ်နှင့် ၁၉၃၉ ခုနှစ်တွင် ထွက်ရှိထားသည့် Wizard Of OZ တို့ကို အခြေခံရိုက်ကူးထားသည့် Musical Fantasy ရုပ်ရှင် Wicked ရိုက်ကူးနေသည်။



အာရီအာနားဂရန်ဒီ၏ ဝဖိုင့်လာသော ခန္ဓာကိုယ်နှင့်ပတ်သက်၍ Body Shaming ဝေဖန်မှု များနှင့် ရင်ဆိုင်နေရသော်လည်း သူ၏ ဂီတအယ်လ်ဘမ် Positions ကို အမ်အိုင်ရေဒီယိုအတွက် ရွေးချယ်ပေးထားသည်။

ပရိသတ်အများစုက သူ၏ ဂီတကို ကြိုက်နှစ်သက်ကြ၍ ယင်းအစီအစဉ်ကို စောင့်မျှော်နားဆင်သူများပြားခဲ့ကြသည်။

(SKY)

## Jung Kook က တရုတ်နှစ်ကုန် ဆုပေးပွဲတွင် ကမ္ဘာ့ခေတ်ရေစီးကြောင်း သင်္ကေတကို ပြသခဲ့

BTS အဖွဲ့ဝင် Jung Kook သည် တရုတ်နိုင်ငံ၌ ကျင်းပသည့် နှစ်ကုန်ဆုပေးပွဲတွင် ဆုရရှိခဲ့ပြီး သူ၏တည်ရှိမှုကို ကမ္ဘာ့ခေတ်ရေစီးကြောင်းသင်္ကေတအဖြစ် ပြသနိုင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jung Kook က China Year End Awards 2024 တွင် ရောင်းအားအကောင်းဆုံး အင်္ဂလိပ်အဆိုတော်ဆုကို သူကိုယ်တိုင်ရေးစပ်ထားသည့် Never Let Go နှင့် ရရှိပြီး လွန်ခဲ့သောနှစ်အနိုင်ရမှု (၅)ကြိမ်နှင့် စုစုပေါင်း (၆)ကြိမ်မြောက်ဆု ရရှိခဲ့သည်။

Jung Kook သည် ရောင်းအားအကောင်းဆုံးတစ်ကိုယ်တော် Kpop Album နှင့် Golden, Sevens တို့နှင့် ငါးဆုရရှိထားကာ (၆)ကြိမ်မြောက်ဆုကို Big Bang, EXO, G Dragon, Jung Kook တို့က အသီးသီး ရယူပိုင်ဆိုင်ထားကာ Jung Kook က ကမ္ဘာ့ခေတ်ရေစီးကြောင်းသင်္ကေတ အင်္ဂလိပ် သီချင်းနှင့် ဆုဆွတ်ခူးရရှိခဲ့သည်။ (SKY)

## The Fiery Priest 2 အကောင်းဆုံးရုပ်သံ ဇာတ်ကားစာရင်းတွင် ပါဝင်

၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံး ဒရမ်မာဇာတ်ကား ဆယ်ကားစာရင်းကို ထုတ်ပြန်ကြေညာထားရာ The Fiery Priest 2 က ထိပ်ဆုံးစာရင်းဝင်ဖြစ်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Buzz ၏ စာရင်းအရ ထိပ်ဆုံး ဆယ်ကားစာရင်းတွင် The Fiery Priest 2, When The Phone Rings, Family by Choice, Love Your Enemy, Parole Ezaminer Lee တို့က တစ်မှ ငါးအထိ စာရင်းဝင်ခဲ့ကြသည်။

နံပါတ်ခြောက်မှ တစ်ဆယ်နေရာတွင် Bre Wing Love, Iron Family, Face Me, Snow White's Revenge နှင့် Marry You တို့ ပါဝင်ထားကြသည်။

(SKY)



## Water and Fire တူရကီကားတွင် ဆန့်ကျင်ဘက်ကမ္ဘာမှ လူနှစ်ယောက်၏ အချစ်ကို ပြသထား

တူရကီဇာတ်ကား၏ ညွှန်းဆိုမှုအရ လူတစ်ယောက်၏ မျက်ဝန်းများကို ကြည့်ပြီး ကဗျာဖွဲ့နိုင်လောက်အောင် နက်ရှိုင်းသော အချစ်နှင့် ချစ်ခဲ့ဖူးသည်ဟု Water and Fire တွင် ထည့်သွင်းထားကြောင်း ရိဗာရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ချစ်မိသွားသည့် လူတစ်ယောက်၏ ကဗျာကို ပုံဖော်ထားရာ "ငါဟာ လေထဲက အမှုန်အမွှားလေးပါ။ လေတစ်ချက်ဝှေ့လိုက်ရင် တိမ်တွေပေါ်ရောက်သွားတယ်။ မိုးအဖြစ် ပြန်ရွာချတဲ့အခါ မြေပြင်ပေါ်ကတစ်နေရာမှာ ကျလာတဲ့ ကံကြမ္မာရဲ့ အကျဉ်းသားပေါ့။ အမှုန်အမွှားလေးတစ်ခုသာဖြစ်လို့ ဘာမဆို ရင်ဆိုင်ရဲပါတယ်"ဟူ၍ အကြည့်ချင်းဆုံးသွားသည့် မိန်းကလေးတစ်ယောက်၏ မျက်ဝန်းများကို ကြည့်၍ ဖွဲ့ဆိုထားသည်။

မိန်းမပျိုလေး၏ အသံချိုချိုအောက်တွင် ကျရှုံးရန် သူကိုယ့်သူ ခွင့်ပြုမိလိုက်သည့် လူတစ်ယောက်၏ ကဗျာနှင့် Water and Fire ကို ဆန့်ကျင်ဘက်ကမ္ဘာမှ လူနှစ်ယောက်အကြောင်း ပုံဖော်ရိုက်ကူးထားသည်။

(SKY)



## အင်နိုအေဒီမော်လီကျူးကို ပြုပြင်ပြီး အိုမင်းခြင်းကို ထိန်းချုပ်နိုင်မည်ဟု ဆို

ခန္ဓာကိုယ်လုပ်ငန်းအားလုံးသည် စွမ်းအင်အပေါ် မှီခိုလျက်ရှိရာ စွမ်းအင်မရှိလျှင် လူတို့သည် ပြေးလွှားခြင်း၊ အသက်ရှူခြင်းသို့မဟုတ် စဉ်းစားခြင်းများပင် မပြုလုပ်နိုင်ပါ။ လူ့ခန္ဓာကိုယ်များ၊ ဆဲလ်များသည် အရေးကြီးသောစွမ်းအင်ကို ကျွန်ုပ်တို့စားသုံးသော အစားအစာများမှ ရရှိသည်။

သကြားနှင့် အဆီကဲ့သို့သော အာဟာရများကို ဖြိုခွဲပြီး ဆဲလ်များလုပ်ဆောင်သမျှကို စွမ်းအင်ပေးရန် အသုံးပြုနိုင်သော စွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးသည်။

အင်နိုအေဒီမော်လီကျူးသည် ဤပြောင်းလဲမှုများတွင် အဓိကကျသည်။ ၎င်းသည် အားပြန်သွင်းနိုင်သော ဘက်ထရီတစ်ခုကဲ့သို့ လုပ်ဆောင်သည်။ ၎င်းကို အစားအစာမှရရှိသော စွမ်းအင်ဖြင့် အားသွင်းပြီး ဆဲလ်လုပ်ငန်းစဉ်အားလုံးကို စွမ်းအင်ပေးရန် လွှဲပြောင်းပေးသည်။

ထိုမော်လီကျူးကို ပြုပြင်ပြီး အိုမင်းခြင်းကို ထိန်းချုပ်နိုင်မည်ဟု စပိန်နိုင်ငံ ဘာဂင်တက္ကသိုလ် ဇီဝဆေးပညာဌာနမှ ပါမောက္ခမာသီယာ့စ်ဇီဂလာ ဦးဆောင်သော သုတေသီများမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Gong Li အရွယ်နှင့်မမျှသည့် လောကဓံများ ထမ်းပိုးခဲ့ရ



တရုတ်အနုပညာလောကမှာ ဂန္ထဝင်မမ ဂေါင်လီသည် အရွယ်နှင့်မမျှသည့် လောကဓံများကို ထမ်းပိုးခဲ့ရပြီး အနုပညာကြယ်တစ်ပွင့်အဖြစ် တောက်ပလာခဲ့သူဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂေါင်လီသည် အနုပညာလောကသို့ မဝင်မီက အရွယ်နှင့်မမျှသည့် လောကဓံများကို ထမ်းပိုးခဲ့ရပြီး တောင်ယာလုပ်ငန်းခွင်တွင် ကျင်လည်ခဲ့ရကာ မွေးရပ်မြေကို စွန့်၍ လမ်းသစ်ဖောက်ခဲ့သူဖြစ်သည်။

ဂေါင်လီကို အပူသည် ဇာတ်ရုပ်နှင့် ဒါရိုက်တာ ကျန်းရိမူ၏ ရိုက်ကူးသမျှကားတိုင်းတွင် ပါဝင်ခဲ့ကာ ရင်းနှီးမှုရှိခဲ့ကြပြီး Shanghai Triad ရုပ်ရှင်ကို နောက်ဆုံးရိုက်ခဲ့ကာ ၂၀၀၆ ခုနှစ်ရောက်မှ Curse Of Golden Flower နှင့် ပြန်ဆုံတွေ့ခဲ့ကြသည်။ လက်ရှိ အသက်ခြောက်ဆယ်ကျော်နှင့် လှပတင့်တယ်နေသည့် ဂေါင်လီကို မြင်တွေ့ကြရသည်။

(SKY)





# ဗြိတိန်အခြေစိုက် ဂျနက်ဇစ်ကားထုတ်လုပ်ရေးကုမ္ပဏီ ဂျီဗွီ-၆၀ အပါအဝင် လျှပ်စစ်ကားသုံးမျိုး ရောင်းချနေ

**လန်ဒန် ဇန်နဝါရီ ၂၉**

ဂျနက်ဇစ်ကားထုတ်လုပ်ရေးကုမ္ပဏီသည် လျှပ်စစ်ကားသုံးမျိုးကို ရောင်းချနေပြီဖြစ်ရာ ၎င်းတို့မှာ ဂျီဗွီ-၆၀၊ လျှပ်စစ်ဂျီ-၈၀ ဆီဒန်နှင့် လျှပ်စစ်ဂျီ-၇၀ အက်စ်ယူဗွီတို့ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းမော်ဒယ်သုံးမျိုးလုံးကို အတွင်းပိုင်းဒီဇိုင်းများ ပြန်လည်မွမ်းမံခြင်း၊ မောင်းနှင်နိုင်သည့် အကွာအဝေးတိုးခြင်း၊ ထပ်လောင်းစနစ်များ ထည့်သွင်းခြင်းနှင့် ဒီဇိုင်းပိုင်းတိုးတက်မှုများ ပြုလုပ်ထားသည်။

ဂျနက်ဇစ်ကားထုတ်လုပ်ရေးကုမ္ပဏီသည် ၂၀၂၁ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ ပထမဆုံးမော်တော်ကားကို စတင်မိတ်ဆက်ခဲ့သည်။ ထိုအချိန်မှစ၍ ယင်းကုမ္ပဏီအနေဖြင့် ထိပ်တန်းအဆင့်မြင့် လျှပ်စစ်ကားအမှတ်တံဆိပ်တစ်ခုဖြစ်လာရန် ၎င်း၏အစီအစဉ်များကို ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

အစောပိုင်း အစီအစဉ်များတွင် ၂၀၂၅ ခုနှစ်မတိုင်မီ ဇင်နီစစ်၏ ကားအသစ်အားလုံးကို လျှပ်စစ်ကားများအဖြစ် ပြောင်းလဲမည်ဟု ဖော်ပြထားသော်လည်း ကုမ္ပဏီသည် ဟိုက်ဘရစ်ကားအသစ်များကို မိတ်ဆက်သွားမည်ဟု အတည်ပြုခဲ့သည်။

လက်ရှိ ဓာတ်ဆီနှင့် ဒီဇယ်စွမ်းအင်သုံးကားများကို ယခုနှစ်အတွင်း ရောင်းချပြီးသည်နှင့် တစ်ပြိုင်နက် ဂျနက်ဇစ်ကားကုမ္ပဏီက ယူကေတွင် လျှပ်စစ်ကားများကိုသာ ရောင်းချသွားမည်ဟု ဆိုသည်။

ကုမ္ပဏီအနေဖြင့် လာမည့်နှစ်များအတွင်း လျှပ်စစ်ကားအသစ်များကို မိတ်ဆက်သွားမည်ဖြစ်ပြီး ၎င်း၏ ပထမဆုံးအမြန်နှုန်းမြင့်လျှပ်စစ်ကား ဂျီဂျီဗွီ-၆၀ မတ်ဂမာလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

# သန်းနှင့်ချီသော အမေရိကန်အစိုးရဝန်ထမ်းများကို ရှစ်လစာပေးပြီး သမ္မတ ဒေါ်နယ်လ်ထရမ့် နုတ်ထွက်ခိုင်း

**ဝါရှင်တန် ဇန်နဝါရီ ၂၉**



သမ္မတ ဒေါ်နယ်လ်ထရမ့်က အမေရိကန်အစိုးရကို လျှော့ချရန် ရည်ရွယ်ချက်ဖြင့် ရုံးပြန်မတက်လိုသော အစိုးရဝန်ထမ်းအားလုံးနီးပါးကို လစာနုတ်ပေးရန် အဆိုပြုလိုက်ပြီး ယင်းသည် အစိုးရအရွယ်အစားကို လျှော့ချရန် ရည်ရွယ်သည့် ကြီးမားသော လုပ်ဆောင်ချက်တစ်ခုဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အင်္ဂါနေ့က အလုပ်သမားသန်းချီထံပို့လိုက်သော အီးမေးလ်တွင် သူတို့အား "ရွှေဆိုင်းနုတ်ထွက်ရန် အစီအစဉ်"တွင် ပါဝင်လိုပါက ဖေဖော်ဝါရီ ၆ ရက်နေ့မတိုင်မီ ဆုံးဖြတ်ရန် လိုအပ်ကြောင်း အသိပေးခဲ့သည်။

ထိုရက်မတိုင်မီ အလုပ်မှ နုတ်ထွက်ရန် သဘောတူပါက နုတ်ထွက်ကြေးအဖြစ် ရှစ်လစာ ခံစားခွင့်ရှိမည်ဟု အီးမေးလ်တွင် ဖော်ပြထားသည်။

အလုပ်သမား ၁၀ ရာခိုင်နှုန်းခန့် သို့မဟုတ် ပြည်ထောင်စုအစိုးရ၏ အလုပ်သမား နှစ်သန်းကျော်အနက် ၂၀၀၀၀၀ ခန့်က ယင်းအဆိုကို လက်ခံမည်ဟု ထရမ့်အစိုးရက မျှော်လင့်ထားသည်။

အမေရိကန်မီဒီယာများအား ယင်းသို့နုတ်ထွက်ခွင့်ပေးခြင်းဖြင့် အစိုးရဘဏ္ဍာငွေ ဒေါ်လာ ၁၀၀ ဘီလီယံ(ပေါင် ၈၀ ဘီလီယံ) အထိ သက်သာနိုင်ကြောင်း ထရမ့်အစိုးရ၏ အကြီးတန်းအရာရှိများက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**






**တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်းရှိ ကီလန်းမြို့တွင် မြွေနှစ်သို့ ကူးပြောင်းသော နှစ်သစ်ကူးအခါသမယ၌ အမွှေးတိုင်များ ထွန်းညှိပြီး ဘုရားပူဇော်ဆုတောင်းနေကြစဉ်။**

**Mon**

# အိန္ဒိယ၌ ကျင်းပနေသော မဟာကမ်ဘာပွဲတော်၌ လူအုပ်ပြိုလဲမှုကြောင့် ပရိသတ် ၁၅ ဦးထက်မနည်း သေဆုံး

**ဒေလီ ဇန်နဝါရီ ၂၉**

အိန္ဒိယနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံးဘာသာရေးပွဲတော်တစ်ခုတွင် လူအုပ်ပြိုလဲမှုကြောင့် ပရိသတ် ၁၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့သည်ဟု မဟာကမ်ဘာပွဲတော်ရှိ ဆရာဝန်တစ်ဦး ဇန်နဝါရီ ၂၉ ရက်က ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လူအုပ်ပြိုလဲမှုများသည် အိန္ဒိယနိုင်ငံရှိ ဘာသာရေးပွဲတော်များ၏ ဖြစ်လေ့ရှိသော လက္ခဏာတစ်ရပ်ဖြစ်ပြီး မဟာကမ်ဘာပွဲတော်တွင် ဖြစ်ရပ်မတိုင်မီ နံနက်စောစောကတည်းကပင် မရေမတွက်နိုင်သော ဘာသာရေးလိုက်စားသူများ စုဝေးရောက်ရှိနေခဲ့သည်။

ခြောက်ပတ်ကြာမြင့်မည့် ဤပွဲတော်သည် ဟိန္ဒူဘာသာရေးပြက္ခဒိန်၏ အကြီးမားဆုံးသော မှတ်တိုင်တစ်ခုဖြစ်ပြီး ရိုးရာဓလေ့ဖြစ်သော ရေချိုးပွဲနေ့တွင် ပါဝင်ရန် လူပေါင်းသန်းနှင့်ချီ၍ မျှော်လင့်ထားကြသည်။

"လောလောဆယ်တွင် အနည်းဆုံး ၁၅ ဦး သေဆုံးခဲ့ပြီး အခြားသူများကို ကုသပေးနေပါသည်"ဟု ပရာယာဂရာဂျ်မြို့ရှိ ဆရာဝန်တစ်ဦးက မီဒီယာများနှင့် စကားပြောခွင့်မရှိသောကြောင့် အမည်မဖော်လိုသူအနေဖြင့် ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် ဘုရားဖူးများနှင့်အတူ အဝတ်အစား၊ ဖိနပ်များနှင့်အခြား စွန့်ပစ်ပစ္စည်းများ ကြဲနေသော မြေပြင်ပေါ်ရှိ အခင်းဖြစ်နေရာမှ ဒဏ်ရာရသူများကို သယ်ထုတ်ပေးခဲ့ကြကြောင်း သိရသည်။ **Mon**



# ရေရှည်မဟာမိတ်ဖြစ်သည့် ရုရှားနိုင်ငံမှ သံတမန်များ ဆီးရီးယားသို့ ပထမဆုံးအကြိမ် သွားရောက်လည်ပတ်

**ဒမတ်စကတ် ဇန်နဝါရီ ၂၉**

ဘာရှားအယ်လ်အာဆတ် ကျဆုံးပြီးနောက် ရေရှည်မဟာမိတ်ဖြစ်သည့် ရုရှားနိုင်ငံမှ သံတမန်များ ဆီးရီးယားသို့ ပထမဆုံးအကြိမ် သွားရောက်လည်ပတ်ရာ ဒမတ်စကတ်မြို့တော်သို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့အလယ်ပိုင်းတွင် ရုရှားအနေဖြင့် မဟာဗျူဟာကျသည့် "ရှုံးနိမ့်မှု"ခံစားခဲ့ရသည်ဟူသော အဆိုကို သမ္မတ ဗလာဒီမာပူတင်က ငြင်းဆိုပြီးနောက် ထိုသံတမန်များ လာရောက်ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ ခေါင်းဆောင်သစ်များနှင့် တွေ့ဆုံမည့် ရုရှားကိုယ်စားလှယ်အဖွဲ့တွင် အရှေ့အလယ်ပိုင်းနှင့် အာဖရိကဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သူ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မီးခေးလ် ဘော့ဂဒန်နော့ဗ်နှင့် ဆီးရီးယားဆိုင်ရာ ရုရှားသမ္မတ၏ အထူးကိုယ်စားလှယ် အလက်ဇန္ဒားလာဗရန်တီယက်တို့ ပါဝင်ကြောင်း သိရသည်။ **Mon**

# ဂျပန်ထရပ်ကားမောင်းသူ မြေကျင်းထဲ၌ ပိတ်မိနေဆဲ

**တိုကျို ဇန်နဝါရီ ၂၉**

အသက် ၇၀ ကျော်ရှိမည်ဟု ယူဆရသော ဂျပန်ထရပ်ကားမောင်းသူတစ်ဦး မြေပြိုကျင်းထဲတွင် ၂၄ နာရီကျော်ကြာ ပိတ်မိနေပြီး ကယ်ဆယ်ရေးအဖွဲ့က ၎င်းကို ကယ်တင်ရန် ကြိုးစားနေသည်ဟု ဇန်နဝါရီ ၂၉ ရက်တွင် အတည်ပြုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တိုကျိုမြို့ပြင်ရှိ ယရှိအောမြို့တွင် မြေပြိုမှုဖြစ်ပွားပြီး ကားနှစ်စီးအကျယ်ခန့်ရှိသည့် မြေကျင်းထဲသို့ ထရပ်ကားတစ်စီး ကျဆင်းသွားရာ အရေးပေါ်ဝန်ထမ်းများက နံနက်ပိုင်းတွင် အခင်းဖြစ်နေရာသို့ ချက်ချင်း ရောက်ရှိခဲ့သည်။

မီးသတ်ဌာန တာဝန်ရှိသူတစ်ဦး၏အဆိုအရ ထရပ်ကားမောင်းနှင်သူသည် မွန်းလွဲပိုင်းအထိ ကယ်ဆယ်ရေးအဖွဲ့များနှင့် တိုက်ရိုက်စကားပြောနိုင်ခဲ့သော်လည်း မြေကျင်းပတ်ဝန်းကျင်နေရာ မတည်ငြိမ်မှုကြောင့် ကယ်ဆယ်ရေးအဖွဲ့များက ဆုတ်ခွာခဲ့ရကြောင်း သိရသည်။

**Mon**

# ဘူဆန်လေကြောင်းလိုင်းမှ လေယာဉ်မီးလောင်မှု၌ လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အများစုမှာ ဒဏ်ရာမပြင်းထန်

**ဆိုးလ် ဇန်နဝါရီ ၂၉**

တောင်ကိုရီးယားနိုင်ငံတွင် ဇန်နဝါရီ ၂၉ ရက်က ဖြစ်ပွားခဲ့သော လေယာဉ်မီးလောင်မှု၌ လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အများစုမှာ ဒဏ်ရာမပြင်းထန်ဟု အာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဒေသခံမီဒီယာများက မီးလောင်မှုသည် လေယာဉ်အပေါ်ဘက်ရှိ ဘီးခုံးထဲတွင် သိမ်းဆည်းထားသော လက်ကိုင်ဘက်ထရီကြောင့်ဖြစ်နိုင်ကြောင်း ဖော်ပြခဲ့သည်။

တောင်ကိုရီးယားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဘူဆန်လေကြောင်းလိုင်းမှ အဲဘတ်စ်အေ-၃၂၁ အမျိုးအစားလေယာဉ် ဘူဆန်မြို့ အရှေ့တောင်ပိုင်းရှိ ဂင်မ်ဟဲအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟောင်ကောင်သို့ ပျံသန်းရန် စီစဉ်ထားသော်လည်း ထိုနေ့ညနေပိုင်းတွင် လေယာဉ်၏ အနောက်ပိုင်း၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



စုစုပေါင်းခရီးသည် ၁၆၉ ဦးနှင့် လေယာဉ်အမှုထမ်း ခုနစ်ဦးတို့သည် လေဖောင်းလှေကားများဖြင့် ဆင်းသက်ကာ ဘေးကင်းရာသို့ ရောက်ရှိခဲ့ကြသည်။

၎င်းတို့အနက် တစ်ဦးမှာ လတ်တလောတွင် ဆေးရုံတက်ရောက်ကုသမှုခံနေရကြောင်း ဝန်ကြီးဌာနက ထပ်လောင်းအတည်ပြုသည်။

မတော်တဆဖြစ်ရပ်ကြောင့် လေယာဉ်ကိုယ်ထည်၏ တစ်ဝက်နီးပါး မီးလောင်ပျက်စီးခဲ့သော်လည်း အတောင်ပံများနှင့် အင်ဂျင်များမှာ မပျက်စီးကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို သက်ဆိုင်ရာက စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးဌာနနှင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ နန်းတော်ရှေ့ဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့်သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၈ရက် နံနက် ၁၀နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားအား ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကိုနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များသည် ဈေးသူ၊ ဈေးသားများအား မီးလောင်မှုဖြစ်ပေါ်လာပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းလမ်းများ စနစ်တကျရှိရေးအပြင် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ကြေညာချက်များအား လိုက်နာကြရန်အတွက် အသိပညာပေးပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပြသခြင်း၊ မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ဝ၅၇)**



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရပ်စောက် ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးလောင်မှုနှင့်စပ်လျဉ်း၍ မီးလောင်မှု၏ သဘောသဘာဝများသိရှိနားလည်ပြီး ကြိုတင်ကာကွယ်မှုများဆောင်ရွက်နိုင်စေရန်နှင့် ဖြစ်ပွားလာပါက အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ ကျောင်းသား၊ ကျောင်းသူများမှတစ်ဆင့် မီးသတ်ပညာရပ်များ ပြည်သူလူထုထံသို့ ပျံ့နှံ့စေရန်ရည်ရွယ်၍ ကျောင်းအခြေပြုမီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ဗထူး)၊ (ECE)ကိုယ်ပိုင်အထက်တန်းကျောင်းများ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဖြိုးမင်းက မီးဘေးအန္တရာယ်ဖြစ်ပွားစေနိုင်သော အကြောင်းအရာများ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများအား အသိပညာပေးပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည်များကို မေးမြန်းဖြေဆိုကြကာ မီးဘေးလုံခြုံရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ရမည့်လုပ်ငန်းများ၊ မီးဘေးအန္တရာယ်အရေးပေါ်ဖြစ်ပွားလာပါက အလျင်အမြန် ဆောင်ရွက်ရမည့် မီးသတ်ဆေးဘူး အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။ ဟောပြောပွဲသို့ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

**သာစည် ဇန်နဝါရီ ၂၉**

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီသို့ရောက်ရှိလာတော့မည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရန် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်အုတ်ရေလှောင်ကန်များအား ရေဖြည့်တင်းခြင်းများဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံက သိရသည်။

သာစည်မြို့ပေါ်ရှိ မီးသတ်အုတ်ရေလှောင်ကန်များ၏အရွယ်အစားများနှင့် ရေသိုလှောင်နိုင်မှုပမာဏတို့ကို တိုင်းတာမှတ်တမ်းတင်ခြင်းများ၊ ရေဖြည့်ရန်လိုအပ်သည့် အုတ်ရေကန်များကို စစ်ဆေးခြင်းများနှင့် သဘာဝရေကန်များမှ ရေရှိနိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ရေလိုအပ်သည့်အုတ်ရေကန်များအား ရေဖြည့်ခြင်းဖြစ်သည်။ မြို့ပေါ်ရပ်ကွက်များ၌ မီးသတ်အုတ်ရေ



လှောင်ကန်ဂါလန် ၈၀၀၀ ဆံ့ တစ်ကန်၊ ဂါလန် ၆၀၀၀ ဆံ့ တစ်ကန်၊ ဂါလန် ၅၀၀၀ ဆံ့ တစ်ကန်၊ ဂါလန် ၄၆၀၀ ဆံ့ တစ်ကန်၊ ဂါလန် ၄၂၀၀ ဆံ့ တစ်ကန်၊ ဂါလန် ၃၅၀၀ ဆံ့ တစ်ကန်နှင့်ဂါလန် ၁၅၀၀ ဆံ့ သုံးကန်တို့ရှိသည်။

သာစည်မြို့နယ်မီးသတ်ဦးစီးဌာနသည် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဘက်ဘက်မှ ပြည့်စုံအောင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄စ၇)**

## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ




### ချောက်မြို့နယ် ငွေးပင်ကျေးရွာအနီးတွင် ယာဉ်တိမ်းမှောက်

**ချောက် ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ငွေးပင်ကျေးရွာအနီး၊ မိုင်တိုင်အမှတ် ၃၇၁/၂နှင့် ၃၇၁/၃ ကြားတွင် ဇန်နဝါရီ ၂၇ရက် နံနက် ၈နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားပြီး လူညပ်နေကြောင်း သတင်းရရှိသဖြင့် ချောက်မြို့နယ်မီးသတ်စခန်းနှင့် ငွေးပင်နယ်မြေမီးသတ်စခန်းတို့မှ မီးသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ရှစ်ဦးအနက် အမျိုးသား သုံးဦး၊ အမျိုးသမီးလေးဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား ချောက်မြို့နယ်၊ ပရမ်လူမှုကူညီရေးအသင်းနှင့် ရွာသစ်ရပ်ကွက် လူမှုကူညီရေးအသင်းတို့မှ လူနာတင်ယာဉ်ဖြင့် ရေနံချောင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ဝ၄၅)**

### ခရီးသည်တင်ယာဉ် အင်ဂျင်ခန်း အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကျောက်ပုံကျေးရွာအုပ်စု၊ ကျောက်ပုံကျေးရွာ၊ မိတ္ထီလာမြို့-ကျောက်ပန်းတောင်းမြို့ သွားကားလမ်း၊ မိုင်တိုင်အမှတ်(၄၁/၀)တွင် ဇန်နဝါရီ ၂၈ရက် နံနက် ၉နာရီက ခရီးသည်တင်ယာဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးရဲမင်းစိုးမောင်းနှင်ပြီး ယာဉ်နောက်လိုက် ကိုနိုင်မင်းအောင်နှင့် ခရီးသည် (၁၂)ဦး လိုက်ပါလာသော ခရီးသည်တင်ယာဉ်သည် ကျောက်ပန်းတောင်းမှ နေပြည်တော်သို့ မောင်းနှင်လာစဉ် အင်ဂျင်ခန်း အပူလွန်ကဲပြီး မီးလောင်ဖြစ်မှုဖြစ်ခဲ့ခြင်းဖြစ်သည်။



မီးလောင်မှုဖြစ်ရာသို့ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့် ဦးစီး၍ သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်များ၊ လက်ပံပျားနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြပြီး အင်ဂျင် တစ်လုံး၊ ကားတာယာ ခြောက်လုံး၊ ယာဉ်ပေါ်ပါထိုင်ခုံများ၊ ယာဉ်အမိုးနှင့် ကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ ခရီးသည်တင်ယာဉ် မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းအား လက်ပံပျားနယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(ဝ၅၇)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။



## အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူများမှ ဧည့်ခံဖျော်ဖြေခြင်းအခမ်းအနား ကျင်းပ

**မြစ်သား ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူများမှ ဧည့်ခံဖျော်ဖြေခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဆရာ၊ ဆရာမများအပေါ်တွင် ကာယကံ၊ ဝစီကံ၊ မနောကံများဖြင့် ပြစ်မှားကျူးလွန်ခဲ့မှုများရှိပါက ခွင့်လွှတ်ပေးပါရန် ရှတ်ဆိုတောင်းပန်ပြီး ရိုသေစွာဖြင့် ထိခြင်းငါးပါးဖြင့် ကန်တော့ခဲ့ကြရာ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာက ဆရာဆိုသည့် အဓိပ္ပာယ်များအကြောင်း၊ ဆရာ၊ တပည့်ဆက်ဆံရေးနှင့် ဆရာ့ကျေးဇူးများအကြောင်း၊ ကန်တော့ရခြင်း၏ အကျိုးကျေးဇူးများအကြောင်း စသည့်သြဝါဒစကားများပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအားလုံး လူတော်လူကောင်းများဖြစ်ကြစေရန်နှင့် နိုင်ငံ့တော်ကောင်းကျိုးများကို ကျရာကဏ္ဍတွင် ထူးချွန်အောင်မြင်သူများဖြစ်စေရေး ဆုတောင်းပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများမှ ဧည့်ခံဖျော်ဖြေခြင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အာစရိယပူဇော်ပွဲသို့ ကျောက်ဆည်ခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဒေါက်တာသိန်းမင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းနိုင်၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

*-*-*-*-*

*-*-*-*-*-*

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး Talk Show ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်းပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျေးလက်ဒေသထွက် ကုန်ကြမ်းများအပေါ်အခြေခံသည့် အသေးစားစက်မှုလုပ်ငန်းများနှင့် မြန်မာ့ရိုးရာယွန်း၊ ရက်ကန်း၊ ပန်း ၁၀ မျိုး အပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တီထွင်ဆန်းသစ်နိုင်ရေးလုပ်ငန်းများကို အားပေးကူညီပြီး လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ အသေးစားစက်မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အသိပညာပေးTalk Show ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရီရီသန့်က စားသောက်ရေးလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ စာပေပုံနှိပ်လုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စက်ပစ္စည်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်းနှင့် အထွေထွေလုပ်ငန်းများ လုပ်ငန်းမှတ်ပုံတင်နိုင်ပြီး လုပ်ငန်းမှတ်ပုံတင်ခြင်းဖြင့် လုပ်ငန်းအတွက် နည်းပညာအကူအညီ အထောက်အပံ့များရရှိခြင်း၊ ငွေကြေးအထောက်အပံ့များရရှိခြင်း၊ ကုန်စည်ပြပွဲများ၊ ပြိုင်ပွဲများတွင် ပါဝင်ပြသနိုင်ခြင်း၊ လုပ်ငန်းများပိုမိုအောင်မြင်စေရန် မျိုးတူစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်း၊ ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်းနှင့် ပြည်ပနှင့်စီးပွားရေးလုပ်ငန်းများ စာချုပ်များ ချုပ်ဆိုလုပ်ကိုင်နိုင်ခြင်း၊ အသစ်ထူထောင်သောလုပ်ငန်းများအတွက် လုပ်ငန်းစတင်လုပ်ဆောင်သည့်နှစ် အပါအဝင် တစ်ဆက်တည်းသုံးနှစ်ကာလ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရနိုင်ခြင်း၊ ဦးစီးဌာနနှင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခွင့်အရေးများကို ခံစားခွင့်ရနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ခံစားနိုင်မည်ဖြစ်ကြောင်း စသည့် အကြောင်းအရာများဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**



## ဆောင်းမြေပဲများစတင်ရိတ်သိမ်းရာ အထွက်နှုန်းကောင်း၊ ဈေးကောင်းရသဖြင့် တောင်သူများအဆင်ပြေ

**မန္တလေး ဇန်နဝါရီ ၂၉**

ဆောင်းမြေပဲများ စတင်ရိတ်သိမ်းရာ အထွက်နှုန်းကောင်း၊ ဈေးကောင်းရသဖြင့် တောင်သူများအဆင်ပြေကြောင်း မြေပဲစိုက်တောင်သူများထံက သိရသည်။

ဧရာဝတီမြစ်အတွင်း မြေနုကျွန်းကျေးရွာများတွင် အဓိကစိုက်ပျိုးသည့် ဆောင်းမြေပဲများကို စက်တင်ဘာလကုန်ပိုင်းက စတင်စိုက်ပျိုးရာ ဇန်နဝါရီလကုန်ပိုင်းတွင်စတင် ရိတ်သိမ်းနေပြီဖြစ်ကြောင်း၊ ယခုနှစ် ဆောင်းစိုက်မြေပဲမှာ တစ်ဧကအထွက်နှုန်း မြေပဲတင်း ၅၅-၆၀ ခန့်ထွက်ရှိကြောင်း၊ လက်ရှိ မြေပဲဆန်တစ်ပိဿာ ငွေကျပ် ၈၆၀၀ခန့် ပေါက်ဈေးရှိသောကြောင့် တစ်ဧကငွေကျပ် ၁၀သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာမှ မြေပဲစိုက်တောင်သူ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်ကို ပြောသည်။

"ဆောင်းမြေပဲများစတင်ရိတ်သိမ်းနေပါပြီ တစ်ဧကမြေပဲတင်း ၅၅-၆၀ လောက်တော့ ထွက်ရှိပါတယ်။ အစေ့အဆန်လည်းအောင်ကြပါတယ်။ မကွေးအထွက်တိုးနီမျိုးကို စိုက်ပျိုးပါတယ်။ တစ်ဧကစိုက်ပျိုးစရိတ် ငွေကျပ်လေးသိန်းလောက် ကုန်ပါတယ်။ လက်ရှိ ပေါက်ဈေးက မြေပဲဆန် တစ်ပိဿာ ငွေကျပ် ၈၆၀၀ ပေါက်ဈေးနဲ့ တွက်ရင်ငွေကျပ် ၁၀ သိန်းလောက်တော့ အမြတ် ကျန်ပါတယ်။ ဒီနှစ်က ကန်စွန်းဥက ဈေးအကောင်းဆုံးဖြစ်တော့ တောင်သူတွေ အဆင်ပြေသလို မြေပဲဆန်ကလည်းအထွက်နှုန်းကောင်းတော့ တောင်သူတွေ အဆင်ပြေပါတယ်" ဟု ၄င်းက ပြောသည်။

ဧရာဝတီမြစ်အတွင်းရှိ မြေနုကျွန်းကျေးရွာများတွင် ယခုနှစ် ကန်စွန်းဥနှင့် ဆောင်းမြေပဲကို အဓိကစိုက်ပျိုးကြပြီး ကန်စွန်းဥမှာ ယခုနှစ်ဈေးကောင်းရရှိကြရာ တစ်ဧက ငွေကျပ် သိန်း ၄၀-၅၀ ခန့် အကျိုးအမြတ်ရရှိသလို ဒုတိယသီးနှံဆောင်းမြေပဲမှာလည်း အထွက်နှုန်းနှင့် ဈေးကောင်းရရှိသောကြောင့် မြေပဲတစ်ဧကလျှင် ငွေကျပ် ၁၀သိန်းခန့် အကျိုးအမြတ်ရရှိကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**

## ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို တာဝန်ရှိသူများ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် မုန်တိုင်အုပ်စုမုန်တိုင်ကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးကာ ကျေးရွာကော်မတီဝင်များအား မိမိတို့ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ရေရှည်တည်တံ့စေရန် ကျေးရွာသူ၊ ကျေးရွာသားများမှ ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့လိုအပ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကျိုးရှိစွာ အသုံးပြုသွားကြရန် မှာကြားခဲ့သည်။

မိတ္ထီလာမြို့နယ် မုန်တိုင်အုပ်စု မုန်တိုင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နိုင်ငံတော်မ,တည် ငွေကျပ် ၁၅ သန်းနှင့် ပြည်သူ့ထည့်ဝင်ငွေကျပ် ၅ ဒသမ ၇သန်းတို့ဖြင့် ကျေးရွာတွင်းလမ်းအား အလျား ၆၆၀ ပေ၊ အနံ ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းဆောင်ရွက်လျက်ရှိရာ အဆိုပါကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ခဲပုံ)**

**(၄၆၉)**





## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းဖွင့်လှစ်

**မင်းဘူး ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် မြန်မာနိုင်ငံအပူပိုင်းဒေသတွင် သီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို လေ့လာဆန်းစစ်ခြင်းစီမံကိန်းဖြင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန သိမ်ကုန်းနည်းပညာပြန့်ပွားရေးစင်တာဝင်းအတွင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဇော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး၊ စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ကိုကိုဖြိုးက မြန်မာနိုင်ငံအပူပိုင်းဒေသတွင် မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းအကျဉ်းချုပ်နှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးရက်တိုသင်တန်းတွင် မင်းဘူး(စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်နှင့် အောင်လံမြို့နယ်တို့မှ သင်တန်းသားတောင်သူ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်းတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန် ဆောင်ရွက်ရမည့်အချက်များ၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားရောဂါကျရောက်ပြီး စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ရမည့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ တစ်နိုင်တစ်ပိုင် မျိုးသန့်ထိန်းသိမ်းနည်းစနစ်များ၊ လွယ်ကူစွာပြုလုပ်နိုင်သော သဘာဝမြေဩဇာများ စသည့်အကြောင်းအရာများကို ဘာသာရပ်အလိုက် ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ရက်တိုသင်တန်းဖွင့်လှစ်ပြီး သင်ကြားပို့ချပေးခဲ့ကြောင်း၊ အလားတူ အဆိုပါသင်တန်းကို မြို့သစ်မြို့နယ်ရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင်လည်း ဒုတိယအကြိမ်အဖြစ် ဆက်လက်ဖွင့်လှစ်ပြီး သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(၅၀၀)**

## သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ



**သရက် ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သရက်ခရိုင် သစ်တောဦးစီးဌာနက ကျင်းပပြုလုပ်သည့် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အထက(ခွဲ) အလက(၃) ကျောင်းခန်းမတွင် ကျင်းပခဲ့ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် သစ်တောဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းညွန့်တင်က မီးခိုးမြူငွေ့လျှော့ချရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပေးခဲ့ပြီး မြို့နယ်ဦးစီးအရာရှိ ဦးဟန်မင်းထွန်းက ရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပေးခဲ့သည်။

ထို့နောက် တောအုပ်ကြီး ဦးပွားအောင်က သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားဇောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည် ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ နံနက်(၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း (၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ရပ်ကွက်၊ ကျေးရွာပေါင်းစုံအလွတ်တန်း အမျိုးသားဂိုးလတ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**မြစ်သား ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ (၁၃၄)ကြိမ်မြောက် တပို့တွဲလ(နှမ်းမနဲ)ပွဲတော်တွင် ရပ်ကွက်၊ ကျေးရွာပေါင်းစုံအလွတ်တန်းအမျိုးသားဂိုးလတ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရွှေမုဋ္ဌောဘုရားကွင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ဘောလုံးအသင်း ၁၂ သင်းအား ယှဉ်ပြိုင်ကစားကြမည့်ပွဲစဉ် တစ်လျှောက်လုံးတွင် စည်းလုံးညီညွတ်ပျော်ရွှင်စွာ အနိုင်၊ အရှုံး ပဓာနမထားဘဲ အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားကြရန်မှာကြားခဲ့ပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးတင့်လွင်ဦးကအားကစားသမား လူငယ်များပေါ်ထွန်းလာရေး ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။ ဆက်လက်၍ ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် ရွှေဒုံးပျံဘောလုံးအသင်းနှင့် Adventure ဘောလုံးအသင်းတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဘောလုံးကိုကွင်းလယ်သို့ကန်ပြီး စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးဘိုဘိုအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြဆရာများ၊ ဒေသခံပြည်သူများ ကြည့်ရှုအားပေးကြပြီး ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်မှ စတင်၍ အုပ်စုပွဲစဉ်အလိုက် တစ်နေ့ပွဲစဉ် ၂ကြိမ်ယှဉ်ပြိုင်ကစားကာ ၁၅ရက်ကြာယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပထမဆု ၅သိန်း၊ ဒုတိယဆု ၃ သိန်းနှင့် တတိယဆု ၂သိန်းဆုများ အသီးသီး ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



# စာဖတ်ရှိန်မြင့်မားရေး လူငယ်စကားဝိုင်း ကျင်းပ

**ဟုမ္မလင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူငယ်များ အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် လူငယ်များ အတွေးအခေါ်မြင့်မားပြီး စကားပြောစွမ်းရည်များ ကြွယ်ဝလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြင့်မားရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇဆက်က လူငယ်များ ဗလငါးတန် ပြည့်စုံစေရေး၊ အသိပညာဗဟုသုတတိုးပွားစေရေး၊နှုတ်မှုစွမ်းရည်ထက်မြက်ပြီး ရဲဝံ့လိမ္မာစွာစကားပြောဆိုနိုင်ရေးတို့အတွက် လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း လူငယ်များ စာအုပ်စာပေဖတ်ရှုကြရန် စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်မြင့်မားအောင် ကြိုးစားကြရန် အမှာစကားပြောကြားခဲ့သည်။



ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဒေါ်နန်းမဥ္စူအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ မောင်ထွန်းလင်းရွှေက ရင်ထဲရှိသမျှခေါင်းစဉ်ဖြင့်လည်းကောင်း၊ မဇင်မာအေးက လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မအေးနန္ဒာကျော်က လူငယ်နှင့် ယုံကြည်မှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ မမေခြည်ဝင်းက နှစ်သစ်ရဲ့အဓိဋ္ဌာန်ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များ ဟုမ္မလင်းဒေသ ရှမ်းနီတိုင်းရင်းသားများ၏ ရိုးရာအသုံးအဆောင်ပစ္စည်းများအား လူငယ်များက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ၊ကျောင်းသား၊ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာပြီး အသိပညာဗဟုသုတကြွယ်ဝလာစေရန်အတွက် စာဖတ်ဝိုင်း ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင် ပြပွဲများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**



# ဆီထွက်သီးနှံနေကြာ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးပေးနိုင်ရေး ရေဆင်း(၁)စပ်မျိုးနေကြာ ဧက ၃၀ စိုက်ပျိုးဆောင်ရွက်ထားရှိ

**ပွင့်ဖြူ ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ)တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသတွင်းရှိ တောင်သူများထံ ဆီထွက်သီးနှံနေကြာ မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ရေဆင်း(၁) စပ်မျိုးနေကြာ ဧက ၃၀ စိုက်ပျိုးဆောင်ရွက်ထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဒေသတွင်းရှိ တောင်သူတွေကို သီးနှံဝင်ငွေတိုးပွားစေရေးအတွက်နှုန်းကောင်းသော ဆီထွက်သီးနှံနေကြာ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ပြီး ရေဆင်း(၁)စပ်မျိုးနေကြာ ဧက(၃၀) စိုက်ပျိုးဆောင်ရွက်ထားပါတယ်။ လက်ရှိမှာ မျိုးစေ့ထုတ်နေကြာစိုက်ခင်းကို အထွက်နှုန်းများ တိုးတက်စေဖို့နဲ့ သီးနှံမျိုးစေ့များ အောင်မြင်စေဖို့ ဝတ်မှုန်ကူးခြင်း၊ ပိုးမွှားရောဂါ မကျရောက်စေဖို့ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေဩဇာထည့်သွင်းခြင်း စတဲ့ စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ မျိုးစေ့ထုတ်နေကြာစိုက်ခင်းမှထွက်ရှိတဲ့ သီးနှံများကို မျိုးသန့်စင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကိုဆောင်ရွက်ပြီး ဒေသတွင်းရှိ စိုက်ပျိုးလိုတဲ့ တောင်သူတွေကို သက်သာသောဈေးနှုန်းနဲ့ မျိုးစေ့ဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (မျိုးသန့်ခြံ) တာဝန်ခံ ဦးအောင်ချစ်က ပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ)အနေဖြင့် နှစ်စဉ် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ (မျိုးသန့်ခြံ) စိုက်ပျိုးလယ်မြေ ဧက(၁၂၀)တွင် စပါးမျိုးကွဲလေးမျိုးဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ရတနာတိုး ၊ ဧရာမင်း စပါးမျိုးစေ့ထုတ်စိုက်ခင်း၊ ရေဆင်း(၁၂) ကုလားပဲမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် ရေဆင်း(၁) စပ်မျိုးနေကြာ မျိုးစေ့ထုတ်စိုက်ခင်းများကို စိုက်ပျိုးထုတ်လုပ်၍ ထွက်ရှိလာသော သီးနှံ မျိုးသန့်မျိုးစေ့များကို စိုက်ပျိုးလိုသော တောင်သူများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၄၅)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဆောင်းပါး၊ ပန်းချီ၊ ကဗျာနှင့် စာစီစာကုံး ပြိုင်ပွဲများ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၂၉**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ဆောင်းပါး၊ပန်းချီ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉နာရီက အဆိုပါတက္ကသိုလ်ရှိ Theatre(M-306) ခန်းမတွင် ကျင်းပသည်။

အဆိုပါ တက္ကသိုလ်အဆင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲကို "သားချင်းစုံညီ နိုင်ငံတော်သစ်ဆီ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ပန်းချီပြိုင်ပွဲကို "ညီနောင်လက်စွဲပြည်ထောင်စုပွဲ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲကို "ခိုင်မာစုစည်း ပြည်ထောင်စု ခရီး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲကို "စည်းလုံးမှုအင်အား ပြည်ထောင်စုသား" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပရာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ) (၃၄၀)**



# ဇမ္ဗူသီရိမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**ဇမ္ဗူသီရိ ဇန်နဝါရီ ၂၉**

နေပြည်တော် မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြတ်သီဟသည် ယမန်နေ့ နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးက မီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား စစ်ဆေးပြီး မီးဘေးလုံခြုံရေးလုပ်ငန်းများအား အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန်၊ ရည်မှန်းချက် တာဝန်ကြီး(၄)ရပ်ကို ကျေပွန်အောင်ဆောင်ရွက်ကြရန်၊ မီးငြိမ်းသတ်ယာဉ်များ ကြံ့ခိုင်မှုရှိ၊ မရှိ စစ်ဆေးခြင်း၊ စခန်းသန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား စစ်ဆေးကြည့်ရှုခဲ့ပြီး မြို့နယ်အတွင်း ဈေး၊ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စိစစ်ကြပ်မတ် ဆောင်ရွက်ထားရှိရေးတို့ကို လမ်းညွှန်မှာကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်က မြို့နယ်အတွင်း သင့်(၄)သင့်၊ မြန်(၃)မြန်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) မြို့နယ်(ပြန်/ဆက်)**



# ယခုနှစ်ဈေးကောင်းရရှိသောကြောင့် ဆီးသီးတစ်ဧကလျှင် ငွေကျပ် သိန်း ၁၀၀ ခန့်အမြတ်ရရှိ

**စဉ့်ကိုင် ဇန်နဝါရီ ၂၉**

ယခုနှစ် ဈေးကောင်းရရှိသောကြောင့် ဆီးတစ်ဧကလျှင် ငွေကျပ် သိန်း ၁၀၀ ခန့် အမြတ်ရရှိကြောင်း ဆီးခြံပိုင်ရှင်များထံက သိရသည်။

စဉ့်ကိုင်မြို့နယ် နတ်ရေကန်ကျေးရွာမှ ဆီးသီးစိုက်တောင်သူများအနေဖြင့် ယခုနှစ် ဆီးသီးရာသီချိန်တွင် ဈေးကောင်းရရှိကြောင်း၊ အသီးအထွက်နှုန်းလည်း တစ်ဧကလျှင် ဆီးသီးဖာ ၁၀၀၀ ခန့်ထွက်ရှိသဖြင့် စိုက်ပျိုးစရိတ် တစ်ဧက ငွေကျပ် ၂၅ သိန်းကုန်ကျပြီး ဆီးသီး တင်ပို့ထုပ်ပိုးစရိတ် နုတ်လိုက်ပါက တစ်ဧကလျှင် ငွေကျပ် သိန်း ၁၀၀ ခန့် အနည်းဆုံးကျန်ရှိကြောင်း နတ်ရေကန်ကျေးရွာမှ ဆီးသီးစိုက်တောင်သူ ဦးမျိုးသက်အောင်က ပြောသည်။

"ဒီနှစ်က ဆီးသီးကို ရွာအထိလာဝယ်နေပါတယ်။ တစ်ဖာကို ငွေကျပ် ၁၈၅၀၀ ထိ ဈေးကောင်းပေးဝယ်နေပါတယ်။ ဆီးပုလဲ အသေးဆိုဒ်လေးတွေပါတယ်။ အကြီးဆိုဒ်တွေက တစ်ဖာ ငွေကျပ် ၃၀၀၀၀ ဈေးပေးဝယ်ပါတယ်။ အဓိက ရန်ကုန်ဈေးကွက်ကို တင်ပို့နေပါတယ်။ ဒီနှစ်က ဆီးသီး ဈေးကောင်းရတဲ့နှစ်လို့ ပြောရမယ်။ ဆီးခြံပြင်ဆင် စရိတ်ကနေ ဝါးဈေး၊ လုပ်သားခ၊ ဆေးဖျန်းစရိတ်၊ ဆွတ်ခူးချိန်ထိ စိုက်ပျိုးစရိတ် ငွေကျပ် ၂၅ သိန်းလောက်ကုန်ပါတယ်။တစ်ဧကကို ဆီးသီး အရွယ်စုံ ဂျပ်ဖာ ၁၀၀၀ လောက် ထွက်ပါတယ်။ ဒီနှစ် ဈေးကောင်းရတော့ ဆီးတစ်ဧကကို ငွေကျပ် သိန်း ၁၀၀ လောက် အမြတ်ကျန်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ် ဆီးသီးထွက်ရှိချိန်တွင် တရုတ်နှစ်သစ်ကူးကာလနှင့် တိုက်ဆိုင်ခြင်း၊ ဆီးသီး စိုက်ပျိုးရာ နယ်အချို့တွင် ခြံမပြင်ဆင်နိုင်ခြင်းကြောင့် အထွက်နှုန်းလျော့ကျခြင်းများကြောင့်လည်း မန္တလေးဒေသမှ ထွက်ရှိသည့် ဆီးသီးများမှာ ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

ဆီးသီးကို မန္တလေးဒေသတွင် ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကိုင်ဒေသ၊ ကျောက်ဆည်၊မြစ်သားဒေသများထွက်ရှိသည့် ဆီးပန်းသီးများကို အဓိက စိုက်ပျိုးကြပြီး ရန်ကုန်၊ နေပြည်တော်သို့ အများဆုံးတင်ပို့ကြကြောင်း သိရသည်။ **(အောက်ပုံ) ရွှေမန်း**



# စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကျင်းပ

**ဟုမ္မလင်း ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ စာဖတ်ရှိန်မြင့်မားရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စာရေးဆရာ ဒေါက်တာမတင်ဝင်း(ပညာရေး တက္ကသိုလ်)ရေးသားထားသည့် "အလုပ်ဆိုတာ အင်အားပါ" စာအုပ်နှင့်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Woman Club) ဖြင့်စာဖတ်ဝိုင်းကိုဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဟုမ္မလင်းမြို့၊ (Woman Club)အဖွဲ့ဝင်ဥက္ကဋ္ဌ ဒေါ်ဒွံစေ့က၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ ရရှိစေရန်၊ ရည်ရွယ်၍ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူ (Woman Club)၊ အသင်းဝင် နန်းမဥ္ဇူအေးက "အလုပ်ဆိုတာအင်အားပါ" စာအုပ်ပါ "အလုပ်လုပ်တဲ့နေရာမှာ ကိုယ်ချင်းစာစိတ်ထားနိုင်ပါစေ၊" "အလုပ်လုပ်ရာမှာ အောင်မြင်စေလိုရင် အများနှင့်ပြေလည်အောင်ဆက်ဆံတတ်ပါစေ" "အလုပ်လုပ်တဲ့နေရာမှာ အောင်မြင်ချင်ရင် မှန်ကန်တဲ့သူအဖြစ် အများကလက်ခံအောင်ကြိုးစားပါ" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Woman-Club) အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်စောစန္ဒာဝင်း၊ ဒေါ်သန္တာလွင်တို့နှင့်အတူ တက်ရောက်လာကြသည့် စာပေဝါသနာရှင်များက "အလုပ်ဆိုတာ အင်အားပါ" စာအုပ်ပါ အလုပ်နှင့်ပတ်သက်သော အကြောင်းအရာများကို ဆက်လက် ဆွေးနွေးခဲ့ကြပြီးနောက် ဟုမ္မလင်းမြို့နယ်(Woman Club)အသင်းဥက္ကဋ္ဌ၊ ဒေါ်ဒွံစေ့က နိဂုံးချုပ်စကားပြောကြားသည်။

အဆိုပါစာအုပ်တွင် အကြောင်းအရာကဏ္ဍစုံလင်စွာဖြင့် ဆောင်းပါး ပုဒ်ရေ ၃၀ ဖြင့် စာရေးဆရာ ဒေါက်တာမတင်ဝင်း (ပညာရေး တက္ကသိုလ်)က ရေးဖွဲ့ထားပြီး ၂၀၁၀ ခုနှစ် အောက်တိုဘာတွင် ပဌမအကြိမ် အုပ်ရေ ၅၀၀ ကို ဝင်းရတနာစာပေက ပုံနှိပ်ထုတ်ဝေထားကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀



# အားကစားနှင့်လူငယ်ရေးရာဟောပြော တိုက်ကွမ်ဒို အားကစားနည်းသရုပ်ပြသ

**မန္တလေး ဇန်နဝါရီ ၂၉**

မဟာအောင်မြေမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အားကစားနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ တိုက်ကွမ်ဒိုအားကစားနည်းသရုပ်ပြပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲက မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၄၁ လမ်းရှိ KMC ကိုယ်ပိုင်အထက်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မဟာအောင်မြေမြို့နယ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နည်းပြ (နည်းစနစ်)မှ အားကစားနှင့် လူငယ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိမှ စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။ ထို့နောက် နွေရာသီ တိုက်ကွမ်ဒို အားကစားသင်တန်းသား၊ သင်တန်းသူများက တိုက်ကွမ်ဒိုကစားနည်းများအား သရုပ်ပြသကြသည်။ အခမ်းအနားသို့ KM-C ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ အထက်တန်း၊ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၀၀ဦးခန့် တက်ရောက်ခဲ့ကြသည်။

(၀၄၅)



# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင် ပြသပွဲကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအကြောင်းများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ယမန်နေ့မွန်းလွဲ ၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များ၊ ပြုလုပ်ရမည့်အချက်များနှင့် မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသိပညာပေး ဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်းနှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးန္တရာယ်ကာကွယ်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေးအသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

စုစုအေး(ကျောက်ဆည်)








# ကျန်းမာခြင်းသည်လာဘ်တစ်ပါး

* အချိန်မှန် အိပ်ကာပေးလို့
အစာမဝေး မှန်ပါစေ
ဆီးဝမ်းကို သတိထား
ဘေးများကင်းပေ ။

* လေ့ကျင့်ခန်း လုပ်ရှားညီ
ကိုယ်စိတ်ကြည် ရောဂါဝေး
အသက်ကို ဉာဏ်ကစောင့်မှ
ဖြောင့်တန်းရှေ့ရေး ။

* ကျန်းမာအောင်နေထိုင်ပေး
ဝမ်းစာရေးရာဖွေနိုင်
စိတ်စေရာ ကိုယ်မခြား
ခွန်အားတိုးနိုင် ။

* ဇီဝဓာတ်ခန္ဓတွေ
သန်မာလေ သတိချင့်
နေ့စဉ်သာ သန်စွမ်းဖြိုးအောင်
ကြိုးစားလေ့ကျင့် ။

မောင်မောင်လင်းထွန်း (နန်းတော်ရှေ့)

# မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ တက္ကသိုလ်ကြက်ခြေနီလူငယ်များနှင့် တွေ့ဆုံ

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဒေါက်တာသိန်းထွန်းဆောင်၊ အတွင်းရေးမှူးဦးကျော်ကျော်နှင့် ကော်မတီဝင်များသည် ဇန်နဝါရီ တတိယပတ်မှစတင်၍ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျောက်ဆည်တက္ကသိုလ် ကြက်ခြေနီအသင်းခွဲ၊ မန္တလာတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ၊ မန္တလေး ပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲ၊ သမဝါယမကောလိပ် ကြက်ခြေနီအသင်းခွဲ၊ နည်းပညာတက္ကသိုလ်(မန္တလေး)ကြက်ခြေနီအသင်းခွဲများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ညွှန်ကြားရေးမှူးဒေါက်တာ လင်းလင်းသက်နှင့် မန္တလေးတိုင်း ကြက်ခြေနီလူငယ်ခေါင်းဆောင် မဇင်မာလင်းတို့က Induction Course ဆွေးနွေးခြင်းကို သွားရောက်ကြည့်ရှု၍ တက္ကသိုလ် ကြက်ခြေနီလူငယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့သည်။

ဆက်လက်၍တက္ကသိုလ်၊ ကောလိပ်ကြက်ခြေနီအသင်းခွဲများတွင် ဖွင့်လှစ်ထားသော ကြက်ခြေနီရုံးခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၀၄၅)

## သတင်းပဒေသာ

### အမျိုးသားဘောလုံး အားကစားပြိုင်ပွဲကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားဘောလုံး အားကစားပြိုင်ပွဲကျင်းပ ယှဉ်ပြိုင်လျက်ရှိရာ ဘုရင့်နောင်ရပ်ကွက်အသင်းနှင့် အင်ပင်ကျေးရွာအသင်းတို့ ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက မြို့နယ်အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားရာဘုရင့်နောင်ရပ်ကွက်အသင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အ.ထ.ကမိုင်းနောင်နှင့် အ.မ.က (၂၈၆)ကျောင်းတို့တွင် KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အ.ထ.ကကျောင်းနှင့် အ.မ.ကကျောင်းများရှိ တာဝန်ခံဆရာ၊ ဆရာမများနှင့် တိုက်နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမဒေါ်နန်းမေထားနှင့်ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အစာမစားမီလက်ကို သန့်ရှင်းစင်ကြယ်စွာဆေးကြောစေခြင်း၊ အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်သတ္တုဓာတ်နှင့် ရေဓာတ်များ ပါဝင်သည့် အာဟာရဖြစ်စေသော ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### အရပ်ရပ်အခွင့်အရေး လိုင်စင်များအား အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံရောင်းချ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် တာလေမြို့နှင့် ကျိုင်းလပ်မြို့တို့၏ မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေး လိုင်စင်များအား အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံရောင်းချပွဲကို ဇန်နဝါရီ ၂၉ရက် နံနက် ၉ နာရီက အဆိုပါအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တာလေမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်ခွဲတာဝန်ခံ ဦးမနားရှိုး က လေလံစည်းမျဉ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာဆွေးနွေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ ကျိုင်းတုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုးဝေက အမှာစကားပြောကြားသည်။ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ကျောင်းတွင်းအာဟာရကျွေးခြင်း လုပ်ငန်းများဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် KG အရွယ်ကျောင်းသား၊ ကျောင်းသူတစ်ဦးအတွက် တစ်နေ့တာစွမ်းအင်လိုအပ်ချက်၏ အနည်းဆုံး (၃၀) ရာခိုင်နှုန်း၊ (၅၅၅) ကီလိုဂရမ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ကျောင်းတွင်းအာဟာရကျွေးခြင်းလုပ်ငန်းများကို ယမန်နေ့ မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ဇေယျာသီရိ ဇန်နဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၌ တတိယအကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ပြည်စံအောင်ရပ်ကွက်၊ ရတနာစံပရိယတ္တိစာသင်တိုက် ရတနာဘိမတဇိမာန်တော်ကြီး၌ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တဝိစိတ္တသာရအရှင်သူမြတ်နှင့် သံဃာတော်များ၊ စာအောင်သံဃာတော်များ၊ ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင် ဗိုလ်မှူးခိုင်မင်းထွန်း၊ ဦးကြည်နိုင်၊ ဇေယျာသီရိမြို့နယ် သာသနာရေးမှူး ဦးဝေဖြိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ခဲ့ပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တဝိစိတ္တသာရအရှင်သူမြတ်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ မေတ္တာသုတ်ပရိတ်တရားတော်များနာယူကြည်ညိုခြင်းများ ဆောင်ရွက်ခဲ့ပြီး ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုလွှာများနှင့် ပထမကြီးတန်းတွင် ငါးပါး၊ ပထမလတ်တန်းတွင် ကိုးပါး၊ ပထမငယ်တန်းတွင် ၂၈ ပါး၊ အခြေပြုမူလတန်း ၃၆ ပါးတို့အား အောင်လက်မှတ် စာအောင်ဆုငွေများ ဆက်ကပ်ခဲ့သည်။ (ဝဲပုံ)

ထို့နောက် စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ပြီး ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ စည်ပင်ရွာဦးကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍာစက္ကမထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေပေးခဲ့ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေလှူဒါန်းခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (B.A ဓမ္မာစရိယ)က ရေစက်ချအနုမောဒနာဟောကြားချီးမြှင့်ပြီး ဦးခင်မောင်ပုံ+ဒေါ်အုန်း၊ ဦးအောင်ငွေ+ဒေါ်မြသန်း၊ (အစ်ကို)ကိုညွန့်ဝေ၊ ကိုမောင်မောင်သန်းတို့အား ရည်စူး၍ ဒေါ်မြတ်သူဇာနှင့်မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၇သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၂၀၀၀၀၊ စုစုပေါင်းငွေကျပ် ၁၈၂၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။




ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၆)

## အရန်မီးသတ်တပ်ဖွဲ့က သံဃာတော်များအား (၁၈၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၂၉**

မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့နှင့်မိသားစုဝင်များက (၁၈၇)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက် ၆ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့် ၉လမ်းကြားရှိ ညောင်ကွဲရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ပြုလုပ်သည်။



အဆိုပါဘုံဆွမ်းလောင်းလှူပွဲတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ စေတနာရှင် အလှူရှင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်း၊ သံဃာအပါး ၁၄၅ပါးကျော်တို့အား (၁၈၇)ကြိမ်မြောက် သံဃာဒါနဆွမ်းလောင်းလှူပွဲအဖြစ် ဆွမ်း၊ ကြက်သားအာလူးချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်ရေတ်သီးကြော်၊ ပဲတီချဉ်သုပ်၊ အကြော်စသည့် ဆွမ်း၊ ဆွမ်းဟင်းများ လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ ငွေလှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့သို့ ငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ရက် နံနက် ၁၀နာရီက ချမ်းအေးသာစံမြို့နယ် ၇၁လမ်းနှင့်၇၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရတနာပုံခန်းမတွင် ကျင်းပခဲ့သည်။



အခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)သက်ကြီးဆရာဝန်များထောက်ကူပြုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်ကြီးနှင့် ပါမောက္ခ ဒေါက်တာအောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူးမှ မန္တလေးမြို့ရှိ အသက်(၇၀)နှစ်နှင့်အထက် အသင်းဝင် ဆရာဝန်ကြီးများအား ကျန်းမာရေးစစ်ဆေးပေးခဲ့မှု၊ ကျန်းမာရေး ထောက်ပံ့ပေးခဲ့မှုများအား ပြောကြားသည်။ ထို့နောက် သက်ကြီးဆရာဝန်ကြီးများထောက်ကူပြုအဖွဲ့သို့ ချမ်းအေးသာစံမြို့နယ်နေ (ဒေါက်တာကံမြင့်)အား ရည်စူး၍ ဒေါက်တာခင်မြင့်ကြည်(ကလေးအထူးကု) မိသားစုက ငွေကျပ် ငါးသိန်းလှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)

# ခါးနာခြင်းကိုပြေပျောက်စေမည့် လွယ်ကူမြန်ဆန်အိမ်တွင်းကုထုံး

ခါးနာခြင်းသည် မသိမသာမှ သိသိသာသာ ပေါ်ပေါက်လာတတ်သည့် ဝေဒနာမျိုးဖြစ်သကဲ့သို့ ရုတ်ခြည်း ပေါ်ပေါက်ခြင်းမျိုးလည်း ဖြစ်တတ်သည်။ အများအားဖြင့် အသက် ၆၀ ကျော်တွင် အဖြစ်များပြီး အသက်အရွယ် ပိုင်းခြားမရွေး လည်း ဖြစ်တတ်သည်။ ခါးနာခြင်းကြောင့် အထိုင်အထ အသွားအလာ ခက်ခဲပြီး ဘေးက မြင်ရသူဖို့လည်း စိတ်မသက်သာ၊ ကာယကံရှင် ခံစားရသူအတွက် အလုပ်အကိုင် ပျက်ရသည် အထိ ဒုက္ခကြီးသည်။

**ခါးနာခြင်းအကြောင်း**

ကျောရိုးအဆစ်ကြား အရွတ်ပိုင်းနေရာ လွဲသွားခြင်းကြောင့် ကျောရိုးဆစ်တစ်ခုနှင့်တစ်ခု ပွတ်တိုက်မိသောအခါ ခါးနာခြင်း (Back pain) ဖြစ်ပေါ်လာရသည်။ ယေဘုယျအားဖြင့် ခါးနာခြင်းသည် သက်ကြီးပိုင်းအမျိုးသားများတွင် အဖြစ်များလေ့ရှိသည်။ သို့သော် အနေအထိုင် ပုံစံမမှန်ခြင်း၊ ဟန်ချက်မညီဘဲ အားစိုက်မိ၍ ကြွက်သားနှင့် အကြောများတွင် ဒဏ်ဖြစ်ခြင်း၊ အဝလွန်၍ ဝမ်းဗိုက်တွင် အဆီစုဝေးခြင်း၊ အားကစားလုပ်နည်း ပုံစံမမှန်ခြင်း၊ လေ့ကျင့်ခန်း ပြင်းပြင်းလုပ်ခြင်း၊ အလေးအပင်မခြင်း၊ ကွန်ပျူတာရှေ့ အထိုင်များခြင်း စသည်တို့ကြောင့်လည်း သက်ကြီးပိုင်းသာမက၊ သက်လတ်ပိုင်း အမျိုးသား၊ အမျိုးသမီးများပါ အားလုံးနီပါး ခါးနာလေ့ရှိကြသည်။

အထိုင်များခြင်းကလည်း ခါးရိုးနှင့်ကျောရိုး တစ်လျှောက် ဝန်ပိသွားစေပြီး ခါးနာခြင်းကို ဖြစ်စေသည်။ ခါးနာခြင်းသည် လူတစ်ဦး၏ လှုပ်ရှားသွားလာမှုကို ခံရခက်စေပြီး နာတာရှည် ရောဂါဖြစ်သွားလျှင် ကုသရခက်ခဲစေသည်။ မိမိတွင် ခါးနာရောဂါ မရှိဟူ၍ ပေါ့ဆ၍မရပါ။ ကြိုတင်ကာကွယ်နည်းများကို သိရှိသဘော ပေါက်ပြီး လိုက်နာထားပါက ခါးနာခြင်းဝေဒနာ ကင်းဝေးနိုင်ပေလိမ့်မည်။ အနေအထိုင် အပြုအမူ ပုံစံမှားယွင်းမှုကြောင့် ခါးနာခြင်းကို ဖြစ်စေနိုင်သဖြင့် အောက်ပါနည်းလမ်းကောင်းများအတိုင်း ပြုမူနေထိုင်သင့်သည်။

* စံနစ်တကျ သယ်မ,ပါ။ ဖြစ်နိုင်ရင် လေးလံသော အရာဝတ္ထုပစ္စည်းများကို မိမိ တစ်ဦးတည်း သယ်မ,ခြင်း ရှောင်ပါ။ အကယ်၍ မဖြစ်မနေ သယ်မ,ရမည်ဆိုပါလျှင် ခါးကို အသုံးပြု၍ သယ်မ,ခြင်း မပြုရ။ ခြေထောက်များကိုသာ အသုံးပြုပြီး သယ်မ,ရမည်။

* မတ်တပ်ရပ်နည်း မှန်ကန်ပါစေ။ မတ်တပ်ရပ်ပုံစံ မှားယွင်းခြင်းကလည်း ခါးနာခြင်းကို ဖြစ်စေနိုင်သည်။ မှန်ကန်သော မတ်တပ်ရပ်နည်းပုံစံများမှာ (က) ခေါင်းမှ ခြေထောက်အထိ ခန္ဓာကိုယ်တစ်လျှောက် တစ်ပြေးညီ မတ်တပ်ရပ်ပါ။ (ခ) နားရွက်၊ တင်ပါးနှင့် ဒူးများ တစ်ဖြောင့်တည်းဖြစ်ရမည်။ (ဂ) ဦးခေါင်းကို ရှေ့သို့ မကုန်းဘဲ လည်ပင်းနှင့် တစ်ဖြောင့်တည်း ဖြစ်နေရန် လိုအပ်သည်။

* ခါးကို မတ်မတ်ထား၍ ထိုင်ပါ။ ခါးနောက်ကျောပေါ်သို့ ဖိအားသက်ရောက်မှု လျော့ပါးစေရန် ခါးကို မတ်မတ်ထား၍ ထိုင်ရမည်။ ခါးရိုးဆစ်များသည် မူလသဘာဝအားဖြင့် အင်္ဂလိပ်စာလုံး အက်စ်(S)ပုံစံဖြင့် တည်ဆောက်ထား၍ ထိုင်သောအခါတွင် (S)ပုံစံ အနေအထားဖြစ်အောင် ထိုင်ရမည်။ စီ(C) ပုံစံ အနေအထားမျိုး မဖြစ်စေရန် သတိထားရမည်။ ထိုင်ပြီး နာရီဝက်ကြာတိုင်း ထိုင်ခုံပေါ်မှထရပ်ပြီး စက္ကန့်အနည်းငယ်ခန့် လမ်းထလျှောက်ရမည်။ ဒါ့ပြင် ဆိုဖာထူသော ကုလားထိုင်တွင် ကြာရှည်စွာထိုင်ရခြင်း၊ ကုလားထိုင်အစွန်းတွင် ကြာရှည်စွာ ထိုင်မိခြင်းတို့ကြောင့်လည်း ခါးနာခြင်းနှင့် ကျောဆစ်ရိုး လွဲခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

* နူးညံ့ပျော့ပျောင်းသော ဖိနပ်ကိုစီးပါ။ မိမိစီးသောဖိနပ်များကြောင့် ခါးနာခြင်းကို ပိုမိုဆိုးရွားနိုင်သည်။ ခါးနာနေသော အမျိုးသမီးများက ပွိုင့်သေး၍ ချွန်မြသော ဒေါက်ဖိနပ်မျိုးကို အထူးရှောင်ရှားရမည်။ ခါးနာလေ့ရှိသော အမျိုးသားများ အနေဖြင့် နူးညံ့ပျော့ပျောင်းပြီး ကူရှင်ကောင်းသော ရှူးဖိနပ်ကို ရွေးချယ်ရန် လိုအပ်သည်။

* ခေါင်းအုံးခပ်ပါးပါးဖြင့် အိပ်စက်ပါ။ ခေါင်းအုံးထူထူဖြင့် အိပ်စက်ခြင်းက ခါးနာခြင်းကို ဖြစ်စေနိုင်သည်။ ခါးနာသူများ သာမက၊ ခါးမနာသေးသူများလည်း ကြိုတင်ကာကွယ်မှုအနေဖြင့် ခေါင်းအုံးပါးပါး(သို့မဟုတ်)ခေါင်းအုံးတစ်လုံးတည်းဖြင့်သာ အိပ်စက်အနားယူသင့်သည်။ ခေါင်းအုံးထူခြင်း (သို့မဟုတ်) ခေါင်းအုံးနှစ်လုံး သုံးလုံးဖြင့် အိပ်စက်ခြင်းက ခါးနောက်ကျောရှိ ကြွက်သားများကို ဒဏ်ဖြစ်စေသလို လည်ပင်းကိုလည်း ဒဏ်ဖြစ်စေနိုင်သည်။

* မွေ့ရာ အသစ်လဲပါ။ ပျမ်းမျှ လူ ၁၀ ဦးတွင် ၉ ဦးခန့်က မွေ့ရာနှင့်ပတ်သက်၍ ကျန်းမာရေးအခြေအနေကို လျစ်လျူရှုတတ်ကြသည်။ အမေရိကန်အမျိုးသား အိပ်စက်ခြင်းဆိုင်ရာ ဖောင်ဒေးရှင်းမှသုတေသီများ၏ လေ့လာစမ်းစစ်မှုမှတ်တမ်းများအရ အရည်အသွေးကောင်းသော မွေ့ရာတစ်ခု၏ သက်တမ်းသည် ၉ နှစ် မှ ၁၀ နှစ်အကြား ရှိသော်လည်း အကယ်၍ မွေ့ရာအလွန်ဟောင်းနွမ်းနေလျှင်သော်လည်းကောင်း၊ အရည်အသွေးညံ့သော မွေ့ရာများကြောင့် အိပ်စက်ရာတွင် သက်တောင့်သက်သာမရှိတော့ဘဲ ခါးနာခြင်းကို ဖြစ်စေနိုင်သည်။ ဒါ့ပြင် အလွန်ပျော့သောမွေ့ရာနှင့် အလွန်မာသောမွေ့ရာတို့ကလည်း ခါးနာခြင်းကို ဖြစ်စေသည်။

* ဆေးလိပ်မသောက်ရ။ ဆေးလိပ်သောက်ခြင်းကြောင့် ကျောရိုးမဆီသို့ သွေးစီးဆင်းမှု လျော့ကျစေသည်။ ဒါကြောင့် ဆေးလိပ်သောက်သူများသည် မသောက်သူများထက် ခါးနာနိုင်ခြေပိုများသည်။

* ကျန်းမာရေး အသိအမြင်ရှိပါ။ မိမိသဘောဖြင့် ခါးနာပျောက်ဆေးများကို မသောက်သင့်ပေ။ ၎င်းဆေးများ၏ ဘေးထွက်ဆိုးကျိုးများ အဖြစ် အစာအိမ်သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ အသည်းပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်းများ ဖြစ်လာနိုင်သည်။ ဒါကြောင့် ခါးနာခြင်းကို မပေါ့ဆဘဲ တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့် ပြသင့်သည်။

* လမ်းလျှောက်ခြင်းဖြင့် လေ့ကျင့်ခန်းလုပ်ပါ။ လမ်းလျှောက်ခြင်းသည် ခါးရိုးဆစ်အတွက် များစွာအထောက်အကူပြုသည်။ ခါးရိုးကြွက်သားများကို သန်မာစေပြီး အဆစ်များ လှုပ်ရှားမှုနှင့် အရွတ်အဝိုင်းပြားများကို ပိုမိုကောင်းမွန်လာစေသည်။ ဥပမာ- မလှုပ်ရှားဘဲ တစ်နေကုန် TV ထိုင်ကြည့်သူများသည် ခါးနာခြင်းကို အများဆုံးဖြစ်စေနိုင်သည်။ လမ်းမှန်မှန်လျှောက်ကာ လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် ခါးနာခြင်းမှ ကင်းဝေးစေနိုင်သည်။

* စိတ်ဖိစီးမှုများကို လျှော့ချပါ။ တချို့လူများတွင် ပြဿနာ အခက်အခဲတစ်ခုခုနှင့် ရင်ဆိုင်တွေ့ရတိုင်း ခါးနာတတ်ကြသည်။ အကြောက်လွန်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်စုံတစ်ခုကို စိုးရိမ်ပူပန်နေခြင်းသည် စိတ်ဖိစီးမှုကိုမြင့်မားစေပြီး ခါးနာမှုကို ဖြစ်ပေါ်စေသည်။ ဇက်ကြော၊ ပခုံးကြောများ ကိုက်ခဲခြင်း၊ လည်ပင်းအဆစ်များနာခြင်းနှင့် ခါးနာခြင်းတို့ ဖြစ်ပွားမှုရာခိုင်နှုန်း အတော်များများသည် သောကဖိစီးမှုကြောင့် ဖြစ်လာရကြောင်း သုတေသီများက အကြံပြုထားသည်။

**ခရီးသွား၍ခါးနာခြင်းမှ ကင်းဝေးရေး**

* ထိုင်ခုံကို ရွေးချယ်ပြီး ရှေ့၊ နောက် ဆန့်နိုင်သော ထိုင်ခုံပါသည့်ယာဉ်ကို ရွေးချယ်ပါ။

* သားရေထိုင်ခုံများဖြစ်လျှင် အပူဒဏ်ကာကွယ်သည့် အဝတ်ခင်း၊ ထိုင်ခုံအစွပ်များ ပို၍ ကောင်းသည်။

* လေဝင်လေထွက်ကောင်းသော ခေါင်မိုးမြင့်သည့်ယာဉ်ကို ရွေးချယ်ပါ။

* လေအေးပေးစက် အလွန်အကျွံဖွင့်လျှင် အအေးဒဏ်ကြောင့် ခါးဆစ်ကိုက်ခဲခြင်းမဖြစ်စေရန် ခါးမနာစေသော ခါးပတ်(သို့မဟုတ်)စောင်၊တဘက်ဖြင့် အအေးဒဏ်ကာကွယ်ရန် ဆောင်ထားပါ။

* ယာဉ်ရပ်သည့်အခါတိုင်း အပေါ့အပါးသွားခြင်း၊ ခါးဆန့်၍ လေ့ကျင့်ခန်းလုပ်ခြင်းများ ပြုလုပ်ပါ။

**ခါးနာခြင်းအတွက် အိမ်တွင်းကုထုံးများ**

ကျောက်ကပ်၊ ဆီးအိမ်၊ သားအိမ်ရောဂါအမျိုးမျိုးတို့ကြောင့်လည်း ခါးနာတတ်ပေရာ၊ ဝေဒနာ မပြင်းထန်ခင် နည်းမှန်၊ လမ်းမှန်ဖြင့် ကုသမှုခံယူရင်း အောက်ပါ အိမ်တွင်းကုထုံးများဖြင့် သက်သာနိုင်ကြပါစေရန် မျှဝေလိုက်ရပါသည်။

* ခါးနာသည့်နေရာသို့ ရေနွေးအိတ် ကပ်ပေး၍ ပူနွေးသော အစားအစာများကို စားပေးပါ။

* ထမင်းစားသည့်အခါတိုင်း ကြက်သွန်ဖြူ စားပေးပါ။ အထူးသဖြင့် နံက်အိပ်ယာထ ဘာမှမစားခင် ကြက်သွန်ဖြူ စားပေးနိုင်ရင် ပိုကောင်းသည်။

* ခါးနာခြင်းအတွက် ပင်စိမ်းရွက်က အကောင်းဆုံးသမားတော်ဟု အဆိုရှိရာ ပင်စိမ်းရွက်ကို နှစ်ခွက်၊ တစ်ခွက်တင် ပြုတ်၍ အအေးခံကာ ဆားအနည်းငယ် ထည့်သောက်ပါ။

* ယူကလစ်ဆီနှင့် မုန်ညင်းဆီတို့ ရော၍ အရေပြားထဲစိမ့်ဝင်အောင် အသာအယာ နှိပ်နယ်ပေးပါ။

* ထမင်းစားပြီးတိုင်း သကာရည်(သို့မဟုတ်) တင်လဲရည် စားပွဲတင်ဇွန်း တစ်ဇွန်းခန့်ကို ရေနွေးဖျော့ဖြင့် သောက်ပေးပါ။

* ဖာလာစေ့ကို ပျားရည်ဖြင့် နှံ၍ သောက်ခြင်းကလည်း အမြန်ဆုံး သက်သာလာစေသည်။

* ကယ်လ်စီယံကြွယ်ဝသည့် နွားနို့ကို တစ်ရက်လျှင် နှစ်ခွက်မှ သုံးခွက်အထိ သောက်ပေးခြင်းဖြင့် ခါးမနာအောင် ကြိုတင်ကာကွယ်ပေးနိုင်သည်။

* အသာအယာ နှိပ်နယ်ပြီး ဆေးဖယောင်းချပ် ကပ်ပေးပါ။

* ရေခဲတုံးလေးများကို အဝတ်(သို့မဟုတ်) ဂွမ်းအိတ်ပါးထဲထည့်၍ အသာအယာ လှိမ့်ပေးနိုင်ပါသည်။ တစ်ရက်လျှင် လေးကြိမ်လောက် လုပ်ပေးနိုင်လျှင် ခါးနာပျောက်ပါသည်။

* မွေ့ရာခင်းမထားသော ခုတင် (သို့မဟုတ်) ကြမ်းပြင်ပေါ် ငြိမ်သက်စွာ ပက်လက်လှဲခြင်းက သွေးများကောင်းစွာ စီးဆင်းလည်ပတ်စေသလို အကြောအချဉ်ပြေ၍ ခါးနာခြင်းကို သက်သာစေသည်။

* ဒဏ်ကြေဆေးပူ လိမ်းပေးနိုင်သည်။ (ကိုယ်ဝန်ဆောင်များကို မဆိုလိုပါ)

* နံ့သာဖြူနှင့် ဂျင်းကို ဆတူရော၍ လိမ်းပါ(သို့မဟုတ်)ဂျင်းအနည်းငယ်ထောင်း၍ နာနေသောနေရာကို မိနစ် ၂၀ ခန့် လိမ်းပေးပါ။ တစ်နေ့လျှင် လေးကြိမ်လောက် လုပ်ပေးခြင်းဖြင့် ခါးနာရောဂါ ပျောက်ကင်းပါသည်။

* မပြင်းထန်သော ခပ်ဖော့ဖော့ အကြောပြင် လေ့ကျင့်ခန်းများကလည်း ခါးနာသက်သာအောင် အထောက်အကူဖြစ်စေသည်။ (အမှန်တကယ် အရိုးအကြော နားလည်တတ်ကျွမ်းသူနှင့် ကုသမှုခံယူပါ။)

* အာလူးတစ်လုံးကို စင်ကြယ်အောင် ရေဆေးပြီး ခပ်ပါးပါး အကွင်းလိုက်လှီးပါ။ ညအိပ်ခါနီး နာနေသောခါးပေါ်ကို အာလူးအကွင်းများ ကပ်ပေးပြီးနောက် ပလတ်စတစ်ခါးပတ်ကို အပေါ်ကနေ ပတ်ပေးထားပါ။ (ထိုခါးပတ်မျိုးမရှိသော်လည်း အာလူးများ ကွာကျမသွားအောင် အဝတ်သန့်သန့်ဖြင့် ခါးစည်းထားပါ။) နံနက်အိပ်ရာထချိန် ၎င်းအာလူးများကို ခွာထုတ်လိုက်ပါ။ ဤနည်းဖြင့် သုံးရက်ခန့် ဆက်တိုက်လုပ်ပေးပါက ခါးနာဝေဒနာ သိသိသာသာ သက်သာလိမ့်မည်။ ငါးရက်၊ တစ်ပတ်ခန့် ဆက်လုပ်ပေးပါက ခါးနာဝေဒနာကို ယူပစ်လိုက်သလို ပျောက်ကင်းသွားပါလိမ့်မည်။

* တရုတ်နိုင်ငံတွင် အေဒီ ၁၉၉ မှ ၂၀၀ အတွင်း ဟန်မင်းဆက်လက်ထပ်တွင် တရုတ်ဆေးပညာရှင်များက ခါးနာဝေဒနာသည်များအား မြေကြီးပေါ်မှာ လေးဘက်ထောက်သည့် လေ့ကျင့်ခန်းကုထုံးဖြင့် ကုသပေးခဲ့ကြသည်။ ဤနည်းက ကျောနှင့်ခါးပေါ်ရှိ ကိုယ်အလေးချိန်က ခြေနှင့်လက်များသို့ ပျံ့နှံ့သွားသောကြောင့် ခါး၊ ကျောနာခြင်းသာမက လည်ပင်းနာခြင်းတို့ကိုပါ သက်သာပျောက်ကင်းသွားစေပါသည်။

* ညမအိပ်ခင် သင်္ဘောရွက် လတ်လတ်ဆတ်ဆတ် တစ်ရွက်ခူးယူပြီး အကျီအတွင်း နာနေသောခါးပေါ်ကို ကပ်ထားပြီး ပက်လက်လန် အိပ်ပါ။ ခန္ဓာကိုယ်မှ အပူများကို သင်္ဘောရွက်မှ သဘာဝဓာတ်သဘောဖြင့် စုပ်ယူပေးပါသည်။ ပူရှိန်းရှိန်း ခံစားရပါမည်။ ခါးနာသက်သာသည်အထိ တစ်ပတ်၊ ၁၀ ရက်ခန့် ညစဉ် လုပ်ပေးနိုင်သည်။

* နံနက်အိပ်ရာထချိန် ရေတစ်ခွက် သောက်ပြီးနောက် နောက်ဖေးမဝင်မီ ခါးနာသက်သာစေမည့် လေ့ကျင့်ခန်းကို ဦးစွာ လုပ်ပေးပါ။ တည့်တည့်မတ်တပ်ရပ်ပြီး ခါးကိုရှေ့သို့ အနည်းငယ်ကိုင်းပြီးလျှင် ခါးကိုအားပြုပြီး ဖြည်းဖြည်းချင်းစီ စကောဝိုင်းသကဲ့သို့ ဘယ်ပြန်၊ ညာပြန် ၁၀ ကြိမ်ခန့် လှည့်ပေးပါ။ ၎င်းလေ့ကျင့်ခန်းကို လုပ်ပေးခြင်းအားဖြင့် ခါးရိုးခါးဆစ်မှ အပူများထွက်သွားပြီး အကြောများလည်း ပွင့်သွားသလို အညောင်းအညာများလည်း ပြေသွားစေပါသည်။ ညနေပိုင်း ရေချိုးခါနီးမှာလည်း နောက်တစ်ကြိမ် လေ့ကျင့်ပေးနိုင်ပါသည်။ တစ်နေ့နှစ်ကြိမ်ခန့် ပြုလုပ်နိုင်ပါသည်။ (သတိပြုရန်မှာ ခါးလှည့်သောအခါ ဖြည်းညင်းစွာ လှည့်ပါ။ ခွန်အားထည့်၍ အလျင်အမြန်လှည့်မိပါက အခန့်မသင့်လျှင် ပို၍ နာသွားတတ်သည်။)

* ဘဲဥပြုတ်သည် လိုအပ်သော ခြင်ဆီဓာတ်အတွက် ပြန်လည်ဖြစ်ပေါ်စေနိုင်ပါသဖြင့် ဘဲဥကို မကျက်တကျက်ပြုတ်၍ နေ့စဉ် တစ်လုံးစီ စားသုံးပါ။ အနည်းဆုံး မိမိအသက်၏ တစ်ဝက် အလုံးရေအထိ စားသုံးရပါမည်။ ဥပမာ အသက် ၄၀ ရှိသူက အနည်းဆုံး ဘဲဥအလုံးရေ ၂၀ စားသုံးရမည်။ ထို့ထက် များများစားသုံးနိုင်လျှင် ပိုကောင်းသည်။ (ဒူးနာတတ်သူများလည်း ဤနည်းအတိုင်း စားပေးသင့်သည်)

* မလေးရှားနိုင်ငံတွင် ခေါင်းကိုက်ခြင်း၊ အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်းနှင့် ခါးနာခြင်းဝေဒနာများအတွက် အပူပေးထားသော အုန်းဆီကို ကွမ်းရွက်သတ္တုရည်ဖြင့်ရောကာ လိမ်းကျံလေ့ရှိသည်။ ခါးနာကင်းဝေး ကျန်းမာရေး အစဉ်ဂရုစိုက်ကြစေလိုပါသည်။

**စေတနာများစွာ**

တင်ထက်ထက်ဇော်

## ဓမ္မစကူးလ် (၁၀)ကြိမ်မြောက် သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်ရှိ သီတဂူကျောင်းတိုက်၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ဝံသာနုရက္ခိတ သာသနာပြုအသင်းမှ ကြီးမှူးဖွင့်လှစ်သော ဝံသာနု သီတဂူ ဓမ္မစကူးလ် ၂၀၂၄-၂၀၂၅ပညာသင်နှစ် (၁၀) ကြိမ်မြောက် သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်သည်။ တောင်ကြီးမြို့၊ မဟာဓမ္မိကာရာမ ကျောင်းတိုက်မှ ဦးစီးပဓာန နာယကဆရာတော် ဓမ္မာနန္ဒာဘိဝံသထံမှ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။



ထို့နောက် သိမ်တောင် ပရိယတ္တိစာသင်တိုက်မှ ဦးစီးပဓာန နာယကဆရာတော် ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ တေဇဝန္တထံမှ ဩဝါဒ ခံယူပြီး ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သိမ်တောင် ပရိယတ္တိစာသင်တိုက်မှ ဦးစီးပဓာန နာယကဆရာတော် ပြည်နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ တေဇဝန္တထံနှင့် ဆရာတော်များ၊ ဝံသာနုရက္ခိတ သာသနာပြုအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်ကြားရေးဂုဏ်ပြုဆုရရှိသော ဆရာ၊ ဆရာမများနှင့် ထူးချွန်ဆုနှင့် ကျောင်းတက်မှန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ပရဟိတလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးသော အသင်းသား၊ အသင်းသူများကို ဝံသာနုရက္ခိတ သာသနာပြုအသင်းမှ ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ချီးမြှင့်ပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၃၆၈)



## ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ရွှေမိုက်လေလံတင်ရောင်းချပွဲ ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ သီရိပစ္စယာရပ်ရှိ လောကနန္ဒာ စွယ်တော် မြတ်စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း လုပ်ငန်း ရွှေမိုက်လေလံတင် ရောင်းချခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက လောကနန္ဒာစွယ်တော်မြတ် စေတီရင်ပြင်တော် တန်ဆောင်းတော်တွင် လေလံတင်ရောင်းချခြင်း အခမ်းအနား ကျင်းပသည်။

လောကနန္ဒာစွယ်တော်မြတ်စေတီ ရွှေမိုက်လေလံတင်ရောင်းချခြင်းအခမ်းအနား၌ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားပြီး အဆောက်အအုံ အထူးအဖွဲ့(၇)၊ ဒုတိယညွှန်ကြားရေးမှူး ဦးလှမိုးဇော်က ရွှေမိုက် လေလံစည်းကမ်းချက်များအား ပြောကြားကာ ရွှေမိုက်လေလံတင်ရောင်းချပွဲ အခမ်းအနား စတင်ကျင်းပခဲ့သည်။ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူဒါန်းမည်ဖြစ်ရာ ရှစ်မြောင့်ကြာခံနှစ်ဆင့်မှ ခရေသီးအထိ ရွှေမိုက်များကို ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချခဲ့ပြီး နိုင်ငံပိုင်သတင်းစာများတွင် (၁၄) ရက်ကြာ ကြေညာပြီး ဇန်နဝါရီ ၂၇ရက်တွင် လေလံတင်ရောင်းချခဲ့ရာ ဈေးပြိုင်လေလံပွဲသို့ ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ငွေကျပ် သိန်း ၃၂၀၀၀၀၀၀ ဖြင့် ရွှေမိုက်လေလံ အောင်မြင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ကျဆင်း

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာ ဈေးအနည်းငယ် ပြန်ကျဆင်းလာရာ တစ်ပိဿာလျှင် ၇၂၄၅ ကျပ်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ် ၂၀-၁-၂၀၂၅ မှ ၂၆-၁-၂၀၂၅ ရက်ထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၇၂၅၅ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ၂၇-၁-၂၀၂၅ မှ ၂-၂-၂၀၂၅ ရည်ညွှန်းဈေးသည် ငွေကျပ် ၇၂၄၅ ဖြစ်သဖြင့် ဈေးကျသွားခြင်းဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ် ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

(မန္တလေးနေ့စဉ်-၅)

## အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ

**ပခုက္ကူ ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလအတွက် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပခုက္ကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အဖွင့်အမှာစကားပြောကြားသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက လုပ်ငန်းလိုင်စင်များနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလအတွက် အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင် ၅၇ ခုမှ လုပ်ငန်းလိုင်စင် ၇ ခုအား စီးပွားရေးလုပ်ငန်းရှင်များက ဈေးပြိုင်လေလံစနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၄၀)



## ကျီတော်ကုန်းမူလွန်ကျောင်း၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

**မြစ်သား ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ကျီတော်ကုန်းမူလွန်ကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က လူငယ်ရေးရာ ဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားကာ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာဖတ်ခြင်း အကျိုးကျေးဇူးများ အကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် မြစ်သားမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်မင်းထွေးက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေး၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများကို ဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးအောင်မင်းကျော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာ



ပေးခြင်း ဆောင်ရန်၊ ရှောင်ရန်များနှင့် မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ပြီး စာအုပ်စာစောင်များကို ကျီတော်ကုန်းမူလွန်ကျောင်းစာကြည့်တိုက်အတွက် လှူဒါန်းပေးခဲ့သည်။

လူငယ်ရေးရာဟောပြောပွဲသို့ မြစ်သားမြို့မရဲစခန်းမှ စခန်းမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျီတော်ကုန်းမူလွန်ကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ပြည်ထောင်စုနေ့ အသိပညာပေး နံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်နှင့် ဒေသတွင်းလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြပွဲများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

*-*-*-*-*

*-*-*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက် နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေး နှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး တို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီ နည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုး တက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင် အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက် အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှု မှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက် စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင် များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်း မီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ် များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်း နေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခု အနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူ အဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေး ဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

## နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်း





နေပြည်တော် ဇန်နဝါရီ ၂၉

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) နဝမ အကြိမ် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းရှိ ရွှေရောင်ခြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်း ထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက် ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ ပညာသင်ကာလတစ်လျှောက် စာတွေ့ လက်တွေ့ လေ့လာသင်ယူခဲ့ကြသည့် စိုက်ပျိုးမွေးမြူ ရေးပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချသွားကြရန်၊ ပုဂ္ဂလိကလုပ်ငန်း များနှင့် မိမိကိုယ်ပိုင်လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်သွားရန် ရည်ရွယ်ချက်ရှိပါကလည်း သက်ဆိုင်ရာ လုပ်ငန်းခွင်အလိုက် တိုးတက်အောင်မြင် အောင်ကြိုးပမ်းပြီး နိုင်ငံတော်၏ စားရေရိက္ခာဖူလုံ ရေးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းသွားကြ စေလိုကြောင်း တိုက်တွန်းပြောကြားပြီး နေပြည် တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေး နှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) နှင့် (ရွှေဘို)ကျောင်း များတွင် ပထမနှစ်မှ တတိယနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆု များချီးမြှင့်ပြီး ဧည့်သည်တော်များ၊ ကျောင်းဆင်း မောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆင်းမောင်မယ်များအား စိုက်ပျိုးရေး ဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ် များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲများတွင် ပြည်ထောင်စု ဝန်ကြီးက နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုး ရေးအတွက် စိုက်ပျိုးမွေးမြူရေးပညာရှင် လူ့အရင်း အမြစ်တိုးပွားရေး လိုအပ်ချက်ကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန် အောက်မြန်မာပြည်တွင်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် တိုးချဲ့ဖွင့်လှစ် ပေးသွားမည်ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နိုင်ကြစေရေး အားထုတ်ကြိုးပမ်း သွားကြရန် တိုက်တွန်းပြောကြားသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်း မှ နှစ်စဉ် နိုင်ငံတော်အတွက်လိုအပ်သော အလယ် အလတ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင် များကို မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ စိုက်ပျိုးရေးဒီပလိုမာ လက်မှတ်ရ ၂၆၄၁၄ ဦးနှင့် မွေးမြူရေး ဒီပလိုမာ လက်မှတ်ရ ၄၆၅ ဦး စုစုပေါင်း ၂၆၈၇၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## MFF ဖူဆယ်လ်လိဂ်-၂ ပြိုင်ပွဲတွင် ထိပ်ဆုံးမှ TG United အသင်း ရှုံးပွဲကြုံတွေ့သဖြင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းလာ



ရန်ကုန် ဇန်နဝါရီ ၂၉

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၈)ကို ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၈)တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် TG United အသင်း ရှုံးပွဲကြုံတွေ့သည့်အပြင် ဒုတိယနေရာမှ 7 Dragon အသင်းနှင့် တတိယနေရာမှ JZ Yangon အသင်းနိုင်ပွဲရသဖြင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းသွားပြီး ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်လာသည်။ ပွဲစဉ်(၈)တွင် Gold Dream အသင်းက KKY အသင်းကို လေးဂိုး-နှစ်ဂိုး၊ Black Cross အသင်းက 7 Brother အသင်းကို ခုနစ်ဂိုး ပြတ်၊ 7 Dragon အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက TG United အသင်းကို လေးဂိုး-နှစ်ဂိုး၊ YCDC Marga Youth အသင်းက လက်ဝဲသုန္ဒရအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ JZ Yangon အသင်းက Maryar အသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသည်။

စာမျက်နှာ ၅ သို့ ❍